

# ဒိနိုပို

# မစဉ်းစားမိတဲ့ကိစ္စ

အက်ဆေးစုစည်းမှု

# အေးစက်သော အက်ဆေးရေး သူ

လွန်ခဲ့သော ၁၄ နှစ် ကျော် ကျောက်မြောင်းတွင် ကျွန်တော် ဖွင့်ထားသော ဗဂျီအိမ် စာအုပ်ဆိုင်ကလေးမှာ သူငယ်ချင်း တစ်ယောက် ၏ မိတ်ဆက်ပေးမှု ဖြင့် သူနှင့် သိရှိခဲ့သည်။ သူ့ပုံစံက အေးတိအေးစက်နှင့် အလွယ်တကူ မိတ်ဆွေ ဖြစ်လွယ်သော သူမျိုး မဟုတ်။

အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သူနေသော ကြည့်မြင်တိုင်မှ ကျောက်မြောင်းသို့ အမြဲ ရောက်ရောက်လာလေ့ ရှိသည်။ ထိုစဉ်က သူ့မှာ ဆေးကျောင်းတက်နေတုန်း၊ သူ၊ တေဇလှိုင်၊ လင်းထိုက်နှင့် ကျွန်တော် အပါအဝင် လေးယောက် သား တောင်ကုန်းပေါ်မှာ ရှိတဲ့ ကျောက်မြောင်း ကျောက်ကုန်းကြီးရဲ့ အောက် လက်ဖက်ရည်ဆိုင် လေးတွင် ထိုင်ပြီး စာအုပ်အကြောင်း၊ စာရေး ဆရာတွေ အကြောင်း၊ ရုပ်ရှင်အကြောင်း၊ ဂီတအကြောင်း စသဖြင့် ပြောဆိုခဲ့ကြဖူးသည်။ ကျွန်တော် တို့မှာ ကိုငြိမ်း၊ သစ္စာနီ၊ မြင့်သန်း၊ နေမျိုး စသည့် စာရေး ဆရာတွေ ကို အကြိုက်တူခဲ့ကြသည်။

အဲဒီ အချိန်ကတည်းက သူသည် ပန်းပျိုးလက်နာမည် နှင့် စာတွေ ရေး နေပြီ ဖြစ်သည်။ နောက်မှ နာမည် တူ ပေါ်လာ၍ ဒီနိမိုဟု ပြောင်းခဲ့သည်မှာ ယခုအချိန်ထိပင်။ ဂျာနယ်တွေ မှာ လည်း လက်ရှိ နိုင်ငံရေး ၊ လူမှု ရေး ၊ သဘာဝ ပတ်ဝန်းကျင် စသည့် အကြောင်းအရာတွေ ကို လူနှစ် ဦး ဆွေးနွေးသည့် ပုံစံဖြင့် နီမို ကလောင်နာမည် ခံကာ အချိန်အတော် ကြာအောင် ရေး ခဲ့သေးသည်။ နောက်ပိုင်း အလုပ်တွေ မအားလပ်၍ ပဲလား၊ စိတ်ဝင်စားမှု လျော့ နည်းသွားသော ကြောင့် လား မသိ၊ မတွေ့ရတော့ပေ။ တစ်နေ့က ပြန်တွေ့တော့ နီမိုကလောင်နဲ့ ပြန်ရေး နေပြီး သူသူငါငါ နာမည် ဖြင့် လည်းsatire လေးတွေ ရေး နေသည်ဟု ပြောသည်။ ဘယ်လိုပဲ ဖြစ် ဖြစ် ကျွန်တော် ကတော့ သူနှင့် တွေ့တိုင်း ဝတ္ထု တွေ ကဗျာတွေ ရေး ဖို့ အမြဲ တိုက်တွန်း ဖြစ်ခဲ့သည်။ သူ့ကဗျာတွေ လည်း ကျွန်တော် ကြို က်သည်၊ နောက်ပိုင်း ကြိုးကြားကြိုးကြား စံပါယ်ဖြူ နွယ်နီ တို့မှာ သူ့ဝတ္ထုတိုတွေ

အက်အေးတွေ ကို ဖတ်ခဲ့ရသည်။

သူသည် စကားပြောလျှင် သေချာသော အကြောင်းအရာ များ ကိုသာ ပြောလေ့ရှိသည်။ သူ့မှာ အလုပ်နှင့် ဝါသနာ ထပ်တူ မကျသော်လည်း အလုပ်မှာ အဆင်ပြေသလို (အလုပ်မှာ လည်း တာဝန်ကြီးကြီးယူထားရသူ တစ်ယောက် ဖြစ်သည်) စာရေး ခြင်း မှာ လည်း လက်စလက်နရှိသူ တစ်ယောက် ဟု ကျွန်တော် ယုံကြည် သည်။ သူသည် အသစ်ကြိုက်သူ၊ အကြောင်းအရာတစ်ခုကို မတူညီသော ရှုထောင့်မှ ကြည့်လေ့ရှိသူဟု မြင်သည်။ သူကြည့် လာသော သမားရိုးကျမဟုတ်သည့် ရုပ်ရှင်ဇာတ်လမ်းများ ၊ သူ ဖတ်ခဲ့သည့် ဝတ္ထုများ အကြောင်းကို မျှဝေခံစားပြောလေ့ရှိသူ ဖြစ်သည်။ သူ ဆေးကျောင်းပြီးတဲ့နောက် ကြိုက်နှစ်သက် ရာ စာအုပ်လေးတွေ ထုတ်ဖို့ စာအုပ်တိုက်နာမည် ရွေးတော့ သီးသန့် ကောင်းကင်ဆိုတဲ့ နာမည် လေးကို ရွေးခဲ့သည်။ မှတ်မှတ်ရရ အဲဒီ စာအုပ်တိုက် ပြုသါသ လေးကို ကျွန်တော့် အစ်ကို ကိုမြင့်စိုးကပင် ရေး ပေးခဲ့သည်။သူ စာအုပ်တွေ ထုတ်တော့ ကျွန်တော် ပါဝင်လုပ်ကိုင် ဖြစ်ခဲ့ သည်။ စာအုပ်တွေ စီစဉ်နေတုန်း အခက်အခဲတစ်ချို့တွေ ့တဲ့အခါ သူပြောသော စကားတစ်ခွန်းကို ကျွန်တော် ယခုအချိန်ထိ မှတ်မိနေ ခဲ့သည်။ သူက "ဘဝမှာ ဘယ်တော့မှ သင်ယူလို့ မဆုံးပါလား" ဆိုတဲ့ စကားကိုပြောပြီး ကျွန်တော် တို့ ရယ်မောခဲ့ကြဖူးသည်။

မော်လမြိုင် ဘီလူးကျွန်း ကညော်ကျေးရွာစာကြည့်တိုက် မှာ စာပေဟောပြောပွဲလုပ်တော့ သူနှင့် ကျွန်တော် စာရေး ဆရာတွေ ခေါ်ပြီး ခရီးထွက်ခဲ့ဖူးသည်။ သူသည် ခရီးသွားရတာ နှစ်သက် ပြီး သူပြောချင်သော စာပေအကြောင်းအရာဆိုလျှင် အချိန်ကုန်မှန်း မသိအောင် ပြောလေ့ရှိသူ ဖြစ်သည်။ ထို့ပြင် စာအုပ်တန်းပတ်ရ သော အရသာကိုလည်း ခံမင်လှသည်။ ကျွန်တော် တို့နှစ် ယောက် မှာ စာအုပ်ရောင် းပွဲတွေ ရှိတဲ့အခါတိုင်း နှစ် ယောက် သား ချိန်းဆို ပြီး ကြိုက်နှစ်သက် ရာ စာအုပ်တွေ ကို အိတ်နဲ့ တဆွဲဝယ်လေ့ ရှိကြသည်။

ကျွန်တော် သတိထားမိသလောက် သူသည် စာအုပ်တွေ ကြားထဲမှာ ပဲ နှစ်မြောနေသော လူ တစ်ယောက် တော့လည်းမဟုတ်။ သူသည် ပရဟိတစိတ် ရှိသူ

တစ်ယောက် လည်း ဖြစ်သည်။ ကျွန်တော် လုပ်နေသော ကလေးများ အခမဲ့စာဖတ်နိုင်သော Mini Library လေးတွေ မှာ အထောက်အကူ ဖြစ်စေမယ့် စာအုပ်တွေ အများ အပြား လှူဒါန်းခဲ့သူလည်း ဖြစ်သည်။

သူ အက်ဆေးတွေ စုပြီး စာအုပ်ထုတ်မယ်ပြောတော့ ကျွန်တော် ဝမ်းသာသည်။ ကျွန်တော့် အနေနဲ့ သူ့အက်ဆေးတွေ ကောင်းမကောင်းပြောဖို့ အစီအစဉ်မရှိပါ။ သူ့အက်ဆေးတွေ ကောင်းမကောင်းဆိုတာ ဖတ်တဲ့သူ ဆုံးဖြတ်ပါစေ။ ကျွန်တော် က သူ့အကြောင်း အနည်းငယ် တို့ထိရုံမျှသာ။ နောင်လည်း အမြဲ မပြတ် စာတွေ ရေး နိုင်ပါစေလို့ ဆန္ဒပြုရင်း ဒီစာလေးကို ရေး လိုက်ပါတယ်။

ကိုမာင် (ဗဂျီးအိမ်)

# Preface ဖြစ်နေတဲ့ Post-face

အခင်မင် အရင်းနှီးဆုံး မိတ်ဆွေလည်း ဖြစ်၊ ဝါသနာတူ သော စာပေလေ့လာသူချင်းလည်း ဖြစ်သော ဒီနိုမိုက သူ့ရဲ့ ပထမ ဦးဆုံး အက်ဆေးပေါင်းချုပ်စာအုပ်အတွက် အမှာ စာ ရေး ပေးပါဟု ပြောလာသည်။ တကယ်တော့ မိမိသည် သူ့စာအုပ်တွင် အမှာ စာ ရေး ပေးလောက်အောင် အက်ဆေးစာပေကို ပိုင်နိုင်ကျွမ်းကျင်သူလည်း မဟုတ်သလို ဝါရင့် သမ္မာရင့် စာပေပညာရှင်လည်း မဟုတ် ပါ။ မိမိ လေ့လာဆည်းပူး ပိုင်နိုင်ကျွမ်းကျင်သော ပညာရပ်ဆိုင်ရာ နယ်က ဒဿ  နဗေဒနှင့် ဘာသာရေး စာပေများ သာ ဖြစ်သည်။ အနုစာပေလိုက်ရာနှင့် အက်ဆေးစာပေကဏ္ဍများ တွင် မတော့ မိမိသည် သူတစ်ပါး၏ ဖန်တီးမှု များ ကို အရသာခံတတ်ရုံ အဆင့် မျှသာ ရှိပါ၏ ။

သို့ သော် လည်း သူ့ကို ငြင်းဆန်ဖို့လည်း ခက်သည်။ မိမိ နှင့် ညီရင်းအစ်ကိုတမျှ ရင်းနှီးခဲ့ကြသည်မှာ ဆယ်စုနှစ် တစ်ခုမျှ မ ကတော့။ ကဖေးဆိုင်များ တွင် အတူထိုင်ရင်း ဘဝအကြောင်း လောကအကြောင်း နှီးနှောဖလှယ်ရင်း နှစ် ကာလများ စွာ ဖြတ်သန်းခဲ့ကြပုံးပြီ ဖြစ်၏ ။ ထိုအတွေ ့အကြုံများ အရပြောရလျှင် သူသည် စကားကို ချိန်ဆပြောဆိုတတ်သော် လည်း အတွေ းကို နက်နက် တွေ းတတ်သူ ဖြစ်သည်။ စာဂျပိုးဟု

မဆိုနိုင်သော် လည်း စာပေကို ခံ့မင်မြတ်နိုးသူ ဖြစ်သည်။ လူငယ်ပီပီ ခေတ်၏ ရင်ခုန်သံနှင့် အတူ စီးမျောရင်း ဂီတ၊ စာပေ၊ အနုပညာ ပုံသဏ္ဍာန်မျိုးစုံကို စူးနစ် ရှိုက်မက်စွာ ခံစားတတ်သူလည်း ဖြစ်ပါ၏ ။ မိမိသည် အက်ဆေး စာပေ၏ အတိမ်အနက် အလေးအပေါ့ကို မတိုင်းထွာတတ်သော် လည်း အက်ဆေးဆရာကို "အတွင်း သိ အစင်းသိ" ဖြစ်သော ကြောင့် သာ ဤအမှာ စာကို ရေး ရခြင်း ဖြစ်ပါ၏ ။စင်စစ် အက်ဆေးစာပေ သို့ မဟုတ် ရသစာတမ်းဟု ခေါ်ဝေါ်ကြသော စာပေအမျိုးအစားသည် အတိအကျ နယ်နိမိတ် သတ်မှတ်ရန် ခက်လှသော စာပေပုံသဏ္ဍာန် ဖြစ်၏ ။ စိတ်ကူး ဖြန့်ကြက်နိုင်သော နယ်ပယ်က ကျယ်ဝန်းထွေပြားသလောက် ရေး သားပုံနည်း/ဟန်ကလည်း အကန့်အသတ်မရှိ၊ အကြောင်းအရာ ကလည်း သဲတစ်ပွင့်မှ စကြဝဠာ/ဘုရားသခင်အထိ လွတ်လွတ် လပ်လပ် ကွန့်မြူး နိုင်၏ ။ ဝတ္ထုကဲ့သို့ ရသသဘောဆန်သလို ဆောင်းပါးကဲ့သို့ လည်း အချက်အလက်များ ၊ ဗဟုသုတများ ဖြင့် ပြည့်နှက်နေနိုင်သည်။ ကဗျာ တစ်တို စာ တစ်ညှု ကိုပင် အက်ဆေး လို့ သတ်မှတ်နိုင်သလို စာမျက်နှာ ရာပေါင်းများ စွာ ထုထဲသော ဒဿ နကျမ်းကြီးများ ကိုပင် အက်ဆေးဟု သတ်မှတ်ခေါ်ဝေါ်ကြ သော ကြောင့် အက်ဆေး၏ အနက်အဓိပ္ပာယ်သည် ရှုပ်ထွေး သထက် ရှုပ်ထွေးလာခဲ့ပါ၏ ။

သို့ ရာတွင် အက်ဆေး၏ ဂုဏ် ဝိသေသ လက္ခဏာများ ဟူ၍ ပညာရှင်များ သတ်မှတ်ထားသည် ကတော့ ရှိပါသည်။ အက်ဆေး၏ အထင်ရှားဆုံး လက္ခဏာမှာ စာရေး သူ၏ အတ္တနော မတိ/ပုဂ္ဂလဓိဋ္ဌာန်အမြင်ကို ထင်ဟပ်နေခြင်း ဖြစ်၏ ။ အက်ဆေး ရေး သူမှာ မိမိ၏ ပုဂ္ဂလ ဘဝဖြတ်သန်းမှု များ မှတစ်ဆင့် ရရှိလာ သော အမြင်များ ၊ ရှုထောင့်များ ၊ ခံစားချက်များ ၊ ဝေဖန်သုံးသပ်ချက် များ ကို လွတ်လပ်စွာ ဖော်ထုတ်ခြင်းလည်း ဖြစ်ပါ၏ ။ အက်ဆေး မှန်လျှင် ပြောစရာ မက်ဆေ့ချ်တစ်ခုခု ပါချင်ပါမည် ။ မက်ဆေ့ချ်မရှိသည့် အကြောင်းကို ပြောလိုသည့် မက်ဆေ့ချ်လည်း ဖြစ်နိုင်သည်။ ဘာရယ်လို့ မပီပြင်သော ရသစုတ်ချက်သက်သက်များ လည်း ဖြစ် နိုင်သည်။ ရေး သူ အက်ဆေးဆရာ၏ သဘောသာ ဖြစ်၏ ။

ဤသဘောကို ဒီနိုမို၏ အက်ဆေး၊ ရသစာတမ်းများ တွင် အထင်အရှား တွေ

့ရသည်။ ''လူမှု ရေး လုပ်သား'' (social worker) တစ်ဦးအနေဖြင့် သူ ကျင်လည်ဖြတ်သန်းခဲ့သော နေရာ ဒေသအဖုံဖုံမှ ဝန်းကျင်အစုံစုံကို သူ့ရဲ့ အက်ဆေးတွေ ထဲမှာ ထိတွေ ့ ခံစားရသည်။

အက်ဆေးသမား တစ်ယောက် ၏ မျက်စိဖြင့် မြင်တတ် နားဖြင့် ကြားတတ် နှလုံးသားဖြင့် ခံစားတတ်သူ ''ဒီနိုမို'' အတွက် သူတွေ ့ကြုံရသမျှ ဘယ်အရာမျှ လစ်လျူ ရှုထိုက်အောင် သေးငယ်သည်ဟု မရှိသလိုပင်။ သူ့အက်ဆေးတွေ ထဲမှာ ကာရာ အိုကေသီချင်းဟစ်ဆိုပြီး ဂလိုဘယ်ဆန်ဆန် ရင်ဖွင့်ခြင်းအကြောင်း လည်း ပါသည်။ 'သားရေကွင်း' ကို ရုပကအလင်္ကာ ခိုင်းနှိုင်း၍ အတွေ းအမြင်တို့ လွတ်လပ်ပျော့ပျောင်းမှု ၊ တရားသေမဆန်မှု အကြောင်းလည်း ပါသည်။ လူကြီးလူငယ်မရွေး ရူးသွပ်ကြသော ဘောလုံးပွဲများ မှ 'အနီကဒ်' ကို အကြောင်းပြုပြီး ဘဝ၌ ဆင်ခြင် ဖွယ်ရာတို့ကိုလည်း ချိန်ထိုးပြသည်။ လူတိုင်း သာမန်တွေ ့ကြုံ နေကြ ဖြစ်သော အိပ်စက်ခြင်း၊ နံနက်ခင်း၊ ဘတ်စ်ကားစီးခြင်း စသော အကြောင်းအရာများ သည်ပင် ''အမြင်သစ်ဖြင့် မြင်တွေ ့ ခံစားအပ်သော '' ကိစ္စများ ဖြစ်လာသည်။ 'စာစွဲသူ' ဆိုသော အက်ဆေးတွင် မိမိအပါအဝင် စာရူးပေရူး မိတ်ဆွေများ အကြောင်း ကို အသော အထေ့လေးများ ဖြင့် ရေး ဖွဲ့ထားပုံကို ဖတ်ကြည့်ပြီး ပြုံးမိပါ၏ ။ စာအုပ်စွဲခြင်းကို စိတ်စွဲ ရောဂါ addiction တစ်ခုကဲ့သို့ သုံးသပ်ပြထားလေသည်။ သူ့အက်ဆေးများ တွင် ရသစုံလင်သော လူမှု ဘဝ၏ မုန်ကူ ကွက်များ ကို တွေ ့ရသလို ဒဿ နသဘောဆန်ပြီး အလွန်နက်နဲ သော ''မဟာပုစ္ဆာကြီးများ '' (Big Questions) ကို ဆ ဝါး တို့ထိထားသော လက်ရာများ ကိုလည်း တွေ ့ရပြန်သည်။ ပျောက်ဆုံး ခြင်း/မရှိခြင်း သဘာဝ သဘောကို ပျောက်နေတဲ့ ချိန်ခွင်ဖြင့် ဥပမာပြုရေး ဖွဲ့ထားသည်။ လူသား၏ အဇ္ဈတ္တလောကအကြောင်း ကို မှိတ်ထားတဲ့ မျက်လုံး၏ ဂုဏ်ရှိရဆန်ဆန်သဘောဖြင့် စောကြော ဝေဖန်ထားသည်။ မရေရာသော အကျိုးဆက်များ အတွက် တစ်ခုခု ကို တာဝန်ယူရွေးချယ်နေရသော လူ့ ဖြစ်တည်မှု ကိုမူ 'တစ်ခုမဟုတ် တစ်ခု' ဟူသော အက်ဆေးကိုဖတ်ရင်း ခံစားရပြန်သည်။ 'အဖြူရောင် ကား' ဆိုသည့် အက်ဆေး ကတော့ အဓိပ္ပာယ် ကွယ်ဝှက် လွန်းသဖြင့် ခဲကပ်သော ပဟေဠိတစ်ပုဒ်ပမာ အကြိမ်ကြိမ်

အထပ် ထပ် ဖတ်ကြည့်မှ လူသား၏ ဘဝ ဖြစ်တည်မှု ယေဘုယျသဘော ကို ညွှန်းဆိုနေသယောင်ယောင် ရေး တေးတေး နားလည်မိသလို ရှိသည်။ ဒဿ   န သမိုင်းတစ်လျှောက်လုံး တစ်ယောက် တစ်ပေါက် ငြင်းခုံခဲ့ကြရသည့် ပကတိအရှိတရား (ဂနအစေ့ပျင ခရူ စမန္လျနည ခန) အကြောင်းကိုတော့ 'မစဉ်းစားမိသော ကိစ္စ' လို့ ဝိဂြိုလ်ပြုပြီး ထောက်ချင့်တွေးဆထားသည်ကို တွေ့ရပါသည်။

ခြုံငုံ၍ သုံးသပ်ကြည့်လျှင် ဒီနိုမို၏ အက်ဆေးများ သည် ရသသဘောထက် ဒဿ   နသဘောကဲသော စာစုများ ဖြစ်သည်ဟု ဆိုချင်ပါသည်။ အက်ဆေးတစ်ပုဒ်ချင်းစီသည် တွေးစရာ ငြင်းစရာ ပြဿ   နာများ ဖြစ်သည်။ အက်ဆေးဆရာ၏ အမြင်နှင့် သဘော တူမတူ ဆိုသည်က စာဖတ်သူ၏ ကိုယ်ပိုင်လွတ်လပ်ခွင့် ဖြစ်လေ သည်။ မိမိ၏ ဘဝနောက်ခံကို အခြေပြုပြီး နှစ်သက် ရာရှုထောင့် မှ ခံစားနိုင်သည်မှာ လည်း အက်ဆေး၏ အရသာ ဖြစ်သည်။ ''ကိုယ်တိုင် ဖတ်ကြည့် တွေးကြည့် ခံစားကြည့်'' ဟူ၍ သာ ညွှန်းလိုပါသည်။

ဂျာနယ် မဂ္ဂဇင်း အစောင်စောင်တွင် ပြန့်ကျဲနေခဲ့သော အက်ဆေးများ ကို ပြန်လည်စုစည်း၍ ရသစုံလင်သော 'စားတော်ပွဲ' တစ်ခုပမာ စာဖတ်သူ ပရိသတ်ထံသို့ ပို့ဆောင်ပေးခဲ့သော မိတ်ဆွေ ဒီနိုမိုအား ကျေးဇူးအထူးတင်ရှိမိပါကြောင်း ဖော်ပြအပ်ပါ၏ ။

ကိုမိုး

# ရိုးဖြောင့်သော စကား

ကျွန်တော့် အဖို့ အက်ဆေးရေး ခြင်းသည် တစ်ယောက် တည်း တွေ့ တွေ:တောငေးမောပြီး စကားတွေ ပြောနေမိခြင်းသာ ဖြစ် ပါသည်။ ဘယ်သူနဲ့မှ စကားပြောချင်စိတ် မရှိတဲ့အချိန်တွေ မှာ တစ်ယောက် တည်း တွေး မိ မြင်မိ ပြောချင်မိတာလေးတွေ ကို ချရေး ရင်း အက်ဆေးတွေ ရေး လာခဲ့မိပါသည်။ လူ တစ်ယောက် ဘဝတွင် မပြောမ ဖြစ် ပြောရစမြဲ ဖြစ်သော လူမှု ရေး လောကဝတ်စကား၊ အရောင်းအဝယ်စကား၊ လုပ်ငန်းခွင်သုံးစကား၊ ပညာရပ်ဝန်းစကား၊ တောင်ရောက်မြောက်ရောက် လက်ဖက်ရည်ဆိုင်စကား စသည် စသည်စကားများ ထဲတွင် မပြောပိုက်သူ တစ်ယောက် အတွက် ခိုလှုံ ရာရှာသည့်အခါ အက်ဆေးများ ထဲတွင် သာ တစ်ယောက် တည်း တိတ်ဆိတ်ပျော်ရွှင်စွာ ပြောနေခဲ့မိပါသည်။

အဝိုင်း အဆက်အစပ်ကို ဂရုစိုက်ဖို့ မလိုပါ။ အလိုက်ကန်းဆိုးမသိ ကိုယ်ပြောချင်တာကို ရိုးရိုးသားသား ပြောလို့ရပါသည်။ လူအများ ဝိုင်းဆဲခံရနိုင်သည့် ကိုးလို့ကန့်လန့် အမြင်များ ကို ဖွင့်ချလို့ရပါ သည်။ မျက်စိထဲတွင် မတော် မတည့် ကိုးယို့ကားရား ဖြစ်နေပုံများ ကို အားပါးတရ ဟားလို့ရပါသည်။ ဆတ်ဆတ်ထိမခံသော ကိစ္စရပ် များ ကို မထိတထိ ရိလို့ရပါသည်။ မည် သူ့ကိုမှလည်း သတ်သတ် မှတ်မှတ် ရည်ရွယ်ပြောဆိုခြင်း မဟုတ်သဖြင့် စိတ်သန့်သန့်ဖြင့် ပြောနိုင်ပါသည်။ အများ သုံးစကားများ လို အကျိုးမျှော်ခြင်း၊ နေရာ ယူခြင်း၊ ပြလိုပြစားလုပ်ခြင်း၊ အရှိန်အဝါပြခြင်း၊ စကားဖြင့် အနိုင်ယူခြင်း စသည့် နောက်ကွယ်ရည်မှန်းချက်များ အသုံးချ တန်ဖိုးများ ကင်းရှင်းသည့်အတွက် အက်ဆေးရေး ရတာ ပေါ့ပါး လှပါသည်။ ကိုယ်ပြောတဲ့စကား ကိုယ့်ဘာသာ သဘောကျသွားမိ တဲ့အခါမျိုးမှာ စာရွက်အလွတ်တွေ ပေါ်မှာ ချရေး မိတာကလွဲလို့ အထူးတလည် ကြံစည်အားထုတ်မိခြင်းမျိုးလည်း မရှိပါ။ ၁၅ နှစ်

မျှကာလအတွင်း ရေး သားမိသော အက်ဆေးအရေအတွက်ကို ကြည့်လျှင် ကျွန်တော် ၏ အားထုတ်ခြင်း ကင်းမဲ့လှပုံကို ရိပ်စားမိနိုင်ပါသည်။

ထိုကဲ့သို့ မတူညီသော အချိန်ကာလများ တွင် စိတ်ကူးရ သလို ရေး သား ဖြစ်ခဲ့သော အရေး အသားများ ကို ယခုလို စုစည်း လိုက်သော အခါ တစ်နေရာစီတွင် သိကျွမ်းခဲ့ဖူးသော မိတ်ဆွေ များ ကို တစ်ဝိုင်းထဲတွင် ပြန်တွေ့နေရသလို အနည်းငယ် ထူးဆန်း သော ၊ ဘာမှန်း ရေရေရာရာ ပြောဖို့ခက်သည့် ကသိကအောက်နိုင် မှု ကို ခံစားနေမိပါသည်။ ထိုအခါ ဘယ်ကစလို့ ဘာပြောရမှန်းမသိ၊ အားလုံးနှင့် ကိုက်ညီသော အချိန်ကာလ၊ အားလုံး စိတ်ဝင်စားနိုင် မည့် အကြောင်းအရာကို အပြင်းအထန် စဉ်းစားနေရရှာသော ဧည့်ခံသူ တစ်ယောက် လို၊ ကျွန်တော့် မှာ အက်ဆေးများ ထဲတွင် အာပေါင်အာရင်းသန်သလောက် အမှာ စာ ရေး တော့မှ စကားလုံး များ ဆွံ့အလို့နေခဲ့သည်။

နှစ် ရှည်လများ ပေါင်းသင်းလာသော လူ တစ်ယောက် ကို ဘယ်နေ့ ဘယ်ရက်က ဘယ်နေရာမှာ ဘယ်လို ဘယ်ပုံ စတင် သိကျွမ်းခဲ့ပါသည်ဟု ပြောဖို့ရာ တစ်ခါတစ်ခါ အတော် ခက်ခဲပါ သည်။ အထူးသဖြင့် အမှတ်အသားနည်းသော ကျွန်တော့် မှာ တစ်ချိန်တစ်ခါက အကြောင်းတစ်ခု စိတ်ကူးတစ်ခုဖြင့် ရေး ခဲ့မိ သော စာတစ်ပုဒ်ကို ယခုလို ပွဲထုတ် မိတ်ဆက်ပေးဖို့ ကြုံလာ တော့မှ အက်ဆေးတစ်ပုဒ်ချင်းစီ၏ နောက်ခံအချိန်ကာလ နေရာ ဒေသများ ကို ပြန်လည်ခေါ်ယူနေရပါသည်။ အများ စုက ရန်ကုန်မှာ ရေး ဖြစ်ခဲ့ပေမယ့် "အသံနှင့် ရေး သော အက်ဆေး" လို မြန်မာပြည် မြောက်ပိုင်း ဖားကန့် လုံးခင်းရှိ NGO ဆေးခန်းအပေါ်ထပ်လေး တွင် ဘန်ကောက်ရှိ အခန်းကျဉ်းကလေးတွင် စာရွက်အတိုအစ လေးနှင့် ရေး ဖြစ်ခဲ့သော "ကိုယ့်အထွာနဲ့ကိုယ်" လို စာများ လည်းပါသည်။ စာစရေး ကာစ ၉၆-၉၇ ကာလများ က တစိမ့်စိမ့် ရေး သားခဲ့ပြီး ယခုထိ ဘယ်မှမပို့ ဖြစ်ခဲ့သော "နံနက်ခင်းတစ်ခုနှင့် လိုက်ပါခြင်း" လို အက်ဆေးမျိုးလည်း ပါသလို မနေ့တစ်နေ့ ကမှ ကွန်ပျူ တာနှင့် ရေး သားထားသော "စကားလုံးပုံသွန်းခြင်း" လို digital essay များ လည်း ပါဝင်နေခဲ့သည်။ "သားရေကွင်း" ကတော့ ကျွန်တော် နှင့် စာပေမိတ်ဆွေ အတော် များများ ကို ချည် နှောင်ပေးခဲ့သော အမှတ်တရ အက်ဆေး၊ အားလုံးက သူ့သမိုင်း နှင့် သူဆိုတော့

ကျွန်တော့် မှာ ဘယ်သူ့ကို ခေါင်းစဉ်တပ်ရမယ်မသိ၊စဉ်းစားလို့မရ၊ ဒါနဲ့ပဲ 'မစဉ်းစားမိတဲ့ကိစ္စ' ကိုပဲ ခေါင်းစီးတင်ပေး လိုက်ခြင်း ဖြစ်ပါသည်။ အက်ဆေးအချို့မှာ စပါယ်ဖြူ၊ နွယ်နီ၊ စတိုင်သစ်၊ Beauty Max? Idea? က ture light နှင့် fh Voice jouranl တို့တွင် ဖော်ပြခဲ့ဖူးသော် လည်း သက်ဆိုင်ရာ မဂ္ဂဇင်း၊ ဂျာနယ်တို့၏ နှစ် ၊ v? Issue တို့ကို ပြန်လည်ရှာဖွေရန် ခက်ခဲ သဖြင့် အပြည့်အစုံ မဖော်ပြနိုင်သည်ကို သည်းခံစေလိုပါသည်။ ထို့ပြင် အချို့အက်ဆေးများ ကို ပြန်လည်ဖတ်ရှုသော အခါ စိတ် တိုင်းမကျ ဖြစ်လာမိသဖြင့် တည်းဖြတ်ပြုပြင်ခြင်း၊ ဖြည့်စွက် ရေး သားခြင်းများ ကို ပြုလုပ်ထားပါသည်။ ဤအတွက် မူလ မဂ္ဂဇင်းတွင် ဖော်ပြခဲ့သော မူများ နှင့် အချို့နေရာများ တွင် ကွဲလွဲ နေပါလိမ့်မည် ။

ကျွန်တော် ၏ အက်ဆေးများ မှာ မတူညီသော နောက်ခံ ဝန်းကျင်၊ ကွဲပြားသည့် စိတ်နေစိတ်ထား၊ ခြားနားသည့် ခံယူချက်၊ ထူးခြားသည့် စရိုက်လက္ခဏာကိုယ်စီနှင့် လူပုဂ္ဂိုလ်များ လိုပင်၊ သူတို့အကြောင်းကို ကျွန်တော် တစ်ဦးတည်းကသာ ဂဃနဏ သိထားသည်။ ဤအတွက် သူတို့ကို စုစည်းဖို့ ကြိုးစားမိသော ကျွန်တော့် မှာ အတော် တာဝန်ကြီးသလို ခံစားနေမိသည်။ သူ့ ဘာသာသူ အဆင်ပြေနေသော အရာများ ကို အတွဲ အဖက် မှား ယွင်း သော ကြောင့် ရသပျက်သွားမလား ပူပန်မိသည်။ တွေ းကြည့်လျှင် ကွဲပြားနေသော အရာများ ကို လှပအောင် ဖွဲ့စည်းနိုင်မှု ကိုက အနု ပညာ မဟုတ်လား။

ပြောသာ ပြောရသည်။ ဤအပိုင်းတွင် တော့ ကိုယ့်ကိုယ် ကို အလွန်အားနည်းသည်ဟု ထင်မိပါသည်။ သူများ စာအုပ်တွေ ကို အခက်အခဲမရှိ ထုတ်ခဲ့ဖူးပေမယ့် ကိုယ့်စာအုပ်ကိုတော့ ဘယ်လို ထုတ်ရမှန်းမသိ၊ အက်ဆေးတွေ ကို သက္ကရာဇ် စဉ်မှာ လား၊ အမျိုး အစားအလိုက် စဉ်မှာ လား၊ ဘယ်အပုဒ်တွေ ကို ပူးထားပြီး ဘယ် အပုဒ်တွေ ကို ခွာထားမလဲ၊ ကျွန်တော် မဝေခွဲတတ်၊ ဤသို့ ဖြင့် ကျွန်တော် စိတ်ကူးရသလိုသာ စဉ်ထားလိုက်တော့သည်။ ပြီးတော့ မှ ကိုယ့်ကိုယ်ကို ပြန်ဖြေသိမ့်ရသည်။ ဘဝကိုတောင် ကျွန်တော် တို့ ရှေ့နောက် ပြန်စီလို့ရတာ မှ မဟုတ်တာ။

တကယ်တော့လည်း စာရေး တစ်ယောက် သူ့စာတွေ အကြောင်း စာရေး ပြီးပြောရတာ အတော် တော့ အူကြောင်ကြောင် နိုင်သော အလုပ်ပေ၊ စဉ်းစားကြည့်လျှင်

မင်းသား တစ်ယောက် က သူ့သရုပ်ဆောင်မှု အကြောင်းကို စကားဖြင့် ရှင်းပြနိုင်သည်။ ဒါရိုက်တာက ဖလင်ပြားပေါ်ရှိ သူ့စိတ်ကူးများ ကို စကားဖြင့် ပြန်ပြောနိုင်သည်။ ထိုနည်းတူစွာ ပန်းချီကားပေါ်၌ အရောင် များ စုတ်ချက်များ ကို စကားလုံးများ ဖြင့် ပြန်အသွင်ပြောင်းနိုင်သည်။ စာရေး သူက သူရေး ထားသော စကားလုံးတွေ အကြောင်းကို စကားလုံးများ သုံးစွဲပြီး ပြန်ရေး ပြနေဖို့ လိုပါ့မလား။

ရိုးရိုးသားသား ဝန်ခံရလျှင် (အက်ဆေးများ ထဲတွင် သာ လွတ်လွတ်လပ်လပ် စကားပြောတတ်သော )ကျွန်တော့် မှာ ပြောစရာ ဆိုစရာလည်း သိပ်ရှိလှသည် မဟုတ်ပါ။ ကျွန်တော့် အက်ဆေး ကို ဖတ်ရှုသူ စာဖတ်ပရိသတ်သည် ကျွန်တော့် အကြောင်းကို စိတ်ဝင်တစား ရှိလိမ့်မည် ဟုလည်း မယုံကြည်ပါ။ ဖက်ရှင်ရှိုးများ တွင် လူအများ စိတ်ဝင်တစား ကြည့်ရှုကြသည်မှာ မော်ဒယ်များ နှင့် အဝတ်အစားများ သာ မဟုတ်လား။ နောက်ဆုံးမှ ဝင်လာသော ဒီဇိုင်နာကို အားနာ၍ သာ လက်ခုပ်တီးအားပေးမည် ၊ ကျွန်တော် တို့ သိပ်မတွေ့ချင်လှပါ။ ထိုနည်းလည်းကောင်းပင် ကျွန်တောအက်ဆေးများ ကို စိတ်ဝင်တစားရှိလှသော စာဖတ်ပရိသတ်ကို ကျွန်တော့် အမှာ စကားများ နှင့် ရှေ့က ကာဆီးကာဆီး လုပ်မနေချင်တော့ပါ။ ကျွန်တော် ဒီဇိုင်းဆင်ထားသော မော်ဒယ်များ ကိုသာ လွတ်လွတ်လပ်လပ် အားပေးရှုစားတော် မူကြပါကုန်။ ။

ရိုးရိုးသားသား ဝန်ခံရလျှင် (အက်ဆေးများ ထဲတွင် သာ လွတ်လွတ်လပ်လပ် စကားပြောတတ်သော )ကျွန်တော့် မှာ ပြောစရာ ဆိုစရာလည်း သိပ်ရှိလှသည် မဟုတ်ပါ။ ကျွန်တော့် အက်ဆေး ကို ဖတ်ရှုသူ စာဖတ်ပရိသတ်သည် ကျွန်တော့် အကြောင်းကို စိတ်ဝင်တစား ရှိလိမ့်မည် ဟုလည်း မယုံကြည်ပါ။ ဖက်ရှင်ရှိုးများ တွင် လူအများ စိတ်ဝင်တစား ကြည့်ရှုကြသည်မှာ မော်ဒယ်များ နှင့် အဝတ်အစားများ သာ မဟုတ်လား။ နောက်ဆုံးမှ ဝင်လာသော ဒီဇိုင်နာကို အားနာ၍ သာ လက်ခုပ်တီးအားပေးမည် ၊ ကျွန်တော် တို့ သိပ်မတွေ့ချင်လှပါ။ ထိုနည်းလည်းကောင်းပင် ကျွန်တော့် အက်ဆေးများ ကို စိတ်ဝင်တစားရှိလှသော စာဖတ်ပရိသတ်ကို ကျွန်တော့် အမှာ စကားများ နှင့် ရှေ့က ကာဆီးကာဆီး လုပ်မနေချင်တော့ပါ။ ကျွန်တော် ဒီဇိုင်းဆင်ထားသော မော်ဒယ်များ ကိုသာ လွတ်လွတ်လပ်လပ်

အားပေးရှုစားတော်မူကြပါကုန်။ ။

ဒိနိမ်ဗို

# အသံနဲ့ရေး တဲ့ အက်ဆေး

သင် ကာရာအိုကေဆိုဖူးပါသလား မိတ်ဆွေ၊ မဆိုဖူးသေး ဘူးဆိုလျှင်ဖြင့် နီးစပ်ရာဆိုင်တစ်ဆိုင်သို့ အမြန်ဆုံးပြေးကာ၊ ပိုက်ဆံတစ်ရာဖိုးလောက်တော့ မြည်းစမ်းသည့်အနေနှင့် ဝင်ရောက် အော်ဟစ်သင့်ပါသည်။ ဒါမှမဟုတ်လည်း သင်တုန်းဓားတစ်ချောင်း ဖြင့် ရှိစုမဲ့စု ဆံပင်လေးကို ရိတ်ဖြတ်ကာ သာသနာ့ဘောင်သို့ ဝင်သင့်ပါသည်။ အဘယ့်ကြောင့် ဆိုသော် လောကီလူသား တစ်ယောက် အနေနှင့် ကာရာအိုကေ မဆိုတတ်ပဲ ၂၁ ရာစုထဲဝင်ရန် မသင့်သော ကြောင့် ပင်။

ညွှန်းလှချည်လားဟုဆိုလျှင်လည်း မတတ်နိုင်ပါ။ ကာရာ အိုကေယဉ်ကျေးမှုသည် ဂလိုဘယ်လိုင်ဇေးရှင်းထက်ပင် မြန်မြန် ဆန်ဆန် ပျံ့နှံ့သော သဘော ရှိသည်။ ဂလိုဘယ်လိုင်ဇေးရှင်းကို ဆန့်ကျင်ကန့်ကွက်သူများ ရှိသော်လည်း ကာရာအိုကေ ယဉ်ကျေးမှုကို ကန့်ကွက်ဆန္ဒပြသည်ဟု တစ်ခါမျှမကြားမိ။ ဂလိုဘယ်လိုင် ဇေးရှင်းသည် ဆင်းရဲချမ်းသာကွာဟမှု ကို ပိုမိုကြီးမားစေနိုင်သည့် အန္တရာယ်ရှိသော်လည်း ကာရာအိုကေ ယဉ်ကျေးမှုကတော့ ဆင်းရဲ ချမ်းသာမရွေး မည် သူမဆို မိုက်တစ်လုံး လက်ထဲရောက်သည်နှင့် သူ့စိတ်ထဲရှိရာ အော်ဟစ်ဖို့ရာ တန်းတူအခွင့်အရေး ရှိနေခဲ့ပေသည်။ ဤသည်မှာ ကာရာအိုကေ ယဉ်ကျေးမှု ၏ ထူးခြားသော ဝိသေသ ဟုပင် ဆိုရလေမလားမသိ။

တကယ်တမ်း စဉ်းစားကြည့်လျှင် ဤသို့ စိတ်ထဲရှိရာ လွတ်လွတ်လပ်လပ် ဖွင့်အန်နိုင်ခြင်းမျိုးကို အခြားသော နယ်ပယ် များ တွင် ရရှိနိုင်ဖို့ မလွယ်ကူပါ။ သင်သည် နိုင်ငံရေး သမားတစ်ဦး၊ လွှတ်တော် အမတ်လောင်းတစ်ဦး ဆိုပါစို့၊ သင့်စိတ်ထဲရှိရာသာ ပြောလိုက်လျှင် သင့်အနာဂတ်သည် မပွင့်လိုက်ရဘဲ ရှေ့အေးကသွားပေ လိမ့်မည် ။ အသည်းကြားမှ မဲတစ်ပြားရဖို့ ဤမျှမလွယ်ကူပါ။ သင်သည် လူအများ ၏ ဆာလောင်မွတ်သိပ်နေမှု များ ကို အစဉ် အမြဲ အနံ့ခံနေရပေမည် ။ လူအများ ၏

ချင်ခြင်းတက်နေမှု များ ကို (စကားလုံးများ ဖြင့် ဖြစ်စေ) အာသာဖြေပေးနိုင်ရပေမည် ။

တစ်ဖန် သင်သည် ကုမ္ပဏီကြီးတစ်ခု၏ CEO တစ်ယောက် ဖြစ်သည်ဟု သဘောထားကြည့်လိုက်ပါ။ သင်၏ ပထမဦးဆုံးနှင့် အရေး ကြီးဆုံးတာဝန်မှာ စတော့ရှယ်ယာဝင်များ ကို ခမ်းနားထည်ဝါ သော အိပ်မက်တစ်ခုဖြင့် အိပ်မွေ့ချထားပေးနိုင်ဖို့ပင် ဖြစ်သည်။ ဤအတွက် ကုမ္ပဏီ၏ အတွင်း ရေး များ ကို ရှူ ကလီးယားဖော်မြူလာတစ်ခုလို ထိန်းသိမ်းထားနိုင်ဖို့ လိုပေသည်။ ဤသို့ မဟုတ်ပဲ နှုတ်ဖွာမိလျှင်တော့ အိပ်မက်ကောင်းတုန်း အနှိုးခံလိုက်ရသလို ဒေါသတကြီး တုန့်ပြန်မှု များ သာ စိတ်မကောင်းစွာ လက်ခံရရှိ ပေလိမ့်မည် ။

ဤသို့ နိုင်ငံရေး နှင့် စီးပွားရေး နယ်ပယ်တွင် ပင် ချုပ်ထိန်း မှု များ နှင့် ယဉ်ကျေးနေရလျှင် တရားစီရင်ရေး နယ်ပယ်တွင် တော့ ပြောစရာမရှိတော့၊ ဥပဒေ၏ အထက်တွင် မည် သူမျှမရှိဟု ဆိုထား သည်မဟုတ်လား၊ မှန်ပါသည်၊ ဥပဒေ၏ အထက်တွင် ဘုရား သခင်တောင် နေလို့မရပါ။ လူအများ နည်းတူ ဥပဒေ၏ အောက်တွင် ကျုံ့ကျု ့လေးဝပ်နေရပါသည်။ စကားကျယ်ကျယ်လောင်လောင် ပြောဖို့ဆိုတာ ဝေလာဝေး။

ဒါဆို ပညာရေး နယ်ပယ်တွင် ရောဟု မေးစရာရှိလာပါ သည်။ မှန်ပါသည်၊ ပညာရေး ၏ သဘောသဘာဝ မှာ လေ့လာခြင်း၊ သုံးသပ်ခြင်း၊ ဝေဖန်ခြင်းနှင့် တန်ဖိုးဖြတ်ခြင်းတို့ပင် ဖြစ်ပါသည်။ ထို့ကြောင့် အခြားသော နယ်ပယ်မှာ ထက်စာလျှင် ပို၍ ပွင့်လင်း သော ၊ အသေမဆုပ်ကိုင်သော ၊ အရည်ဆန်သော (Fludity) သဘော ရှိပေသည်။ သို့ သော် ယနေ့ခေတ်သည် ပညာရပ်များ ကပ် ရောဂါ တစ်ခုလို အလျှင်အမြန် ပေါက်ဖွားပွံ့နှံ့နေသော ခေတ်ကာလကြီး ဖြစ်သည်။ ကပြားဘာသာရပ်များ အများ အပြား ပေါ်ပေါက်လာ သလို (ဥပမာ-ဇီဝသင်္ချာ)၊ ဖအေမပေါ်သော ဘာသာရပ်များ (ဆိုလို သည်မှာ ပင်ရင်းဘာသာရပ်တစ်ခုမှ ဆင်းသက်လာခြင်း မဟုတ်) ဥပမာ-အနာဂတ်ဆိုင်ရာဘာသာရပ်၊ ကိုယ်ပိုင်အုပ်ချုပ်ရေး နယ်မြေ တောင်းဆိုကာ ခပ်တည်တည် ခွဲထွက်လာခဲ့သော ဘာသာရပ်များ (ဥပမာ-ဇီဝနည်းပညာ) စသည်တို့ကလည်း အုံနှင့် ကျင်းနှင့် ။

ယနေ့ပညာရပ်နယ်ပယ်၏ ပြဿ နာမှာ လွတ်လပ်စွာ မပြောဆိုနိုင်ခြင်းမဟုတ်၊

သင်သည် လွတ်လပ်စွာ ပြောဆိုနိုင်ပါ သည်။ သို့ သော် နားထောင်မည့် သူ မရှိပါ။ နယူတန်၏ ပြောဆို မှု များ ကို ကျွန်တော် တို့ ရာစုခေတ်သုံးခုကြာ၊ တအံ့တသြ တရိ တသေ နားထောင်ခဲ့ကြသည်။ ယနေ့ ဤသို့ နားထောင်မည့် သူ မရှိတော့။ အားလုံးမှာ ပညာရပ်ပင်လယ်ကြီးထဲတွင် ကိုယ်စီကိုယ်စီအသက်လုကူးခတ်နေခဲ့ကြသည်။ ကိုယ်စီကိုယ်စီ အော်ဟစ်ဆူပွက် နေခဲ့သည်။ မိမိနယ်ပယ်မှလွဲ၍ အခြားပညာရပ်များ ကို စိတ်လည်း မဝင်စားနိုင်၊ အချိန်လည်း မပေးနိုင်တော့။သင်သည် ကွန်ပျူတာပရိုဂရမ်ရေး ဆွဲသူ တစ်ယောက် ပဲ ဆိုကြပါစို့။ သင်တတ်ထားပြီးသော Programming Lunguage သည် နောက်ခြောက်လ တစ်နှစ် ကြာသည်နှင့် model အောက် သွားလိမ့်မည် ဆိုတာ သင်လက်ခံထားရပေမည် ။ နောက်ပေါ်လာ သော Lunguage ကို အလျင်အမြန် သင်ယူနိုင်ဖို့ သင်ကြိုး စားရ ပေမည် ။ သို့ သော် ပညာရပ်တစ်ခုကို လေ့လာသင်ယူရသည်မှာ နောက်ဆုံးပေါ် ကားတစ်စီးကို လဲလှယ်စီးနင်းရသလောက်တော့ မလွယ်ကူပါ။ ပညာခေတ်၏ လိုက်တမ်းပြေးတမ်း ကစားပွဲတွင် အများ စုမှာ အမောဖောက်နေခဲ့သည်။ သီချင်းကို ကီးဝင်အောင် မဆိုနိုင်ကြတော့။

ဒါ ကတော့ လိုရာဆွဲလွန်းအားကြီးသည်ဟု ဆိုချင်က ဆို နိုင်ပါသည်။ ယနေ့ခေတ်တွင် အားလုံးလည်း ကိုယ်လိုရာ ကိုယ် ဆွဲပြောနေကြသည်မဟုတ်လော၊ ဖရန်စစ်ဖူကူယားမားက သမိုင်း နိဂုံးချုပ်ပြီဟု ပြောသည်။ ဆရာဒဂုန်တာရာက သမိုင်းသည် ဘယ်တော့မှ မဆုံးဟု အခိုင်အမာဆိုသည်။ သူတို့ နားလည်ထား သော သမိုင်းချင်းကလည်း မတူကြ။ ဆင်မြူရယ်ဟန်တင်တမ်က ယဉ်ကျေးမှု ချင်း တိုးတိုက်မှု တွေ ကြုံရဖွယ်ရှိသည်ဟု ဟောကိန်း ထုတ်သည်။ တေ့ဖလာကလည်း လှိုင်းစီးရင်း သီချင်းဆိုနေသည်။ ဆရာဇော်ဇော်အောင် ကတော့ ခမ်းနားကြီးကျယ်သော အရေး အသား များ (rand Narrative) ကို တစ်ကိုယ်တော် ဖြိုချလို့၊ အရေး ထဲ Decon structionကို ဘာသာလုပြန်နေသူများ က ရှိသေးသည်။ ဤသည်တို့မှာ ပို့စ်မော်ဒန်ရှုခင်းကို မြင်လွယ်အောင် ကာလာတင် ပေးလိုက် ခြင်းသာ၊ အဘယ်ကြောင့် ဆိုသော် သင်သည် ၂၁ ရာစုထဲ ဝင်မည် ဆိုလျှင် ကာရာအိုကေ ဆိုတတ်ရုံသာမက ပို့စ်မော်ဒန်ကို လည်း

လေ့လာလိုက်စားဖို့ လိုအပ်သော ကြောင့် ပင်။

စကားစဉ်ကို ပြန်ကောက်ရလျှင် နိုင်ငံရေး ၊ စီးပွားရေး ပညာရေး ၊ တရားစီရင်ရေး နယ်ပယ် အသီးသီး၏ စောင့်စည်းရမှု ၊ ချုပ်တီးရမှု ၊ ခက်ခက်ခဲခဲ ပြေးလွှားရုန်းကန်နေရမှု များ ကို တင်ပြခဲ့ ပါသည်။ သို့ ဆိုလျှင် လွတ်လပ်မှု ကို နတ်ဘုရားလို ကိုးကွယ်ကြ သော အနုပညာနယ်ပယ်တွင် ရော၊ မှန်ပါသည်၊ အနုပညာသည် (Self-Expression) အတ္တဖော်ပြချက်ပင် ဖြစ်သည်။ မိမိ၏ တသီးတသန့်နိုင်မှု (Uniqueness) ကို ထင်ထင်ရှားရှား ဖော်ပြ ခြင်းပင် ဖြစ်သည်။ မိမိ၏ စိတ်ယားယံမှု ကို လူမြင်သူမြင် ဖြေ ဖျောက်ခြင်းပင် ဖြစ်သည်။ သို့ သော် အနုပညာသမား တစ်ယောက် ဖြစ်ဖို့ ရူးသွပ်မှု (Craziness) လိုသည်။ တပ်မက်မှု (Passion) လိုသည်။ အခံပါရမီလိုသည်။ လူတိုင်း အနုပညာသမား မ ဖြစ်နိုင်။

သို့ သော် ထူးဆန်းသည်မှာ လူတိုင်းနီးပါး အနုပညာရှင် ဖြစ်ချင်ခဲ့ကြသည်။ ဟစ်တလာက ပန်းချီဆွဲသည်။ ဥက္ကဋ္ဌကြီးမော် က ကဗျာစပ်သည်။ အိုင်းစတိုင်းက တယောထိုးသည်။ ဆိုလို သည်မှာ လူတိုင်း၏ ရင်ထဲတွင် မိုက်ခရိုဖုန်းတစ်လုံး ရှိနေသည်။ သို့ သော် ဘာကို ဆိုရမှန်းမသိ။ မဖန်တီးတတ်၊ ထိုအခါ သူများ ဖန်တီးပြီးသား အနုပညာကိုပင် ပျော်ပျော်ပါးပါး သီဆိုဖို့ရာရှိသည် မဟုတ်လား။

ထိုအခါ ကာရာအိုကေဆိုင်များ သို့ သူ့ ထက်ငါ ဦးအောင် ရောက်လာ⌐ ကတော့သည်။ ထိုအထဲတွင် တစ်နေကုန် ကွန်ပျူတာ တစ်လုံးရှေ့ အကျဉ်းကျနေရရှာသော ပရိုဂရမ်မာ တစ်ယောက် ပါနိုင်သလို ဖုန်းနှစ် လုံး တစ်ပြိုင်တည်းဆက်ကာ ဦးနှောက်မှလည်း ဂဏန်းတွက်စက်တစ်လုံးလို အဆက်မပြတ် တွက်နေရရှာသော စတော့ပွဲစား တစ်ယောက် လည်း ပါနိုင်သည်။ လူတွေ ကို တစ်နေကုန် ပြုံးရလွန်းသဖြင့် ပါးကြောများ ညောင်းညာနေရှာသော ဟိုတယ်မှ Receptionist ချောချောလေးလည်း ပါသလို၊ ရှုပ်ထွေးဆူပွက်နေ သော ယဉ်ကြောများ ကြား တစ်နေကုန်မောင်းနေရရှာသော တက္ကစီ ဒရိုင်ဘာလည်း ပါသည်။ ရုံးတော် တွင် ဝတ်ရုံကြီးတကားကားဖြင့် တစ်နေကုန်စိတ်အိုက်နေသော ရှေ့နေကြီးပါသလို၊ တစ်နေကုန် အိမ်ဗာဟီယကိစ္စများ နှင့်

စိတ်ညှောင်းညာနေရှာသော အိမ်ရှင်မများ လည်း ပါပါသည်။ ကျောင်းသားအရွယ်လူငယ်များ ကတော့ ဆိုဖွယ် မရှိ။ ဒါ သူတို့ခေတ်၏ အဆောင်အယောင်တစ်ခု မဟုတ်လား။

သင်သည် တွံတေးသိန်းတန်၏ ကျေးလက်တေးများ ကို စိတ်ထဲရှိသလို ဆိုနိုင်ပါသည်။ ကျွန်တော် ကတော့ ဟယ်ရီလင်း၏ "ဗြိုလ်သား တစ်ယောက် အကြောင်း" ကို အပြတ်ဟဲဖို့ ပါးစပ် ပြင်ထားပြီးပါပြီ။ ဤအတွက် ဘာပြဿ နာမှ မရှိပါ။ (အလှည့် မကျော်သွားဖို့ပဲ လိုပါသည်) ဒါ ဆရာဒဂုန်တာရာပြောသော ဗဟုဝါဒပင် ဖြစ်သည်။ အချ ့ဆိုလျှင် တပ်မတော် စစ်ချီတေးကို ပင် စိတ်အားတတ်ရှူအးကစွာ ဆိုနေသေးသည်။ ကောင်းပါသည်။ ရဲစိတ်ရဲမာန်များ တဖွားဖွားပေါ်လာနိုင်သည် မဟုတ်လား။

အဓိကမှာ ကိုယ့်အသံကိုယ် သာယာနေဖို့ပင်။ (အသံနာ ဆပ်စစ် ရောဂါ ဟု ဆိုချင်လည်း ဆိုပစေ) ဘေးမှ လူတွေ ဘယ်သို့ ထင်ထင် အရေး မဟုတ်ပါ။ ရင်ထဲတွင် ဘယ်တုန်းကမှန်းမသိ ဝင်ရောက်နေခဲ့သော ခံစားမှု များ ကို ဖော်ပြနိုင်ဖို့သာ အရေး ကြီး ပါသည်။ အကျိတ်အခဲတစ်ခုလို ဖြစ်နေသော စိတ်တင်းကျပ်မှု များ ကို အမှု နဲ့ ဖြစ်သွားစေဖို့သာ အဓိကကျပါသည်။ တစ်ချိန်လုံး ကံကြမ္မာဆိုးတစ်ခုလို ပိတ်ဖုံးနေသော အငုံ့စိတ်များ ကို အပြင်းစား သီချင်းတစ်ပုဒ်ဖြင့် ရှင်းထုတ်လိုက်ဖို့သာ လိုအပ်ပါသည်။ ဟိုသည် ပြန့်ကျဲနေသော အတ္တစိတ်များ ကို သီချင်းတစ်ပုဒ်အ ဖြစ် လုလုပပ ဟစ်ရှေူအးကးလိုက်ခြင်းဖြင့် ပို၍ နေသာထိုင်သာ ရှိလာပေလိမ့်မည် ။ လည်ချောင်းတစ်လျှောက် ရွစိရွစိဖြင့် ဆန်တက်လာသော စကား လုံးများ ကို ဤနည်းဖြင့် သာ ဆန္ဒပြေဖျောက်နိုင်ပေမည် ။

ကာရာအိုကေအကြောင်း ကြော်ငြာနေသည်ဟုတော့ မထင် စေချင်ပါ၊ ဤကာရာအိုကေစက်များ ကို မည် သူမည် ဝါ စတင် တီထွင်ခဲ့သည်ဟုပင် ကျွန်တော် ဂဃနဏ မသိပါ။ ယခု ကာရာ အိုကေဆိုနေကြသော လူအများ စုလည်း အသေအချာ သိကြမည် မထင်ပါ။ သိလျှင်လည်း စိတ်ဝင်စားကြမည် မဟုတ်ပါ။ ဤသည် မှာ လည်း မေ့လွယ်ပျောက်လွယ်နိုင်သော ယနေ့ခေတ်၏ ကျေးဇူး မဲ့မှု လက္ခာတစ်ရပ်ပင် မဟုတ်လား။

မည် သို့ပင် ဖြစ်စေ ကာရာအိုကေယဉ်ကျေးမှု သည် မတ် ဒေါ်နယ်ကျွှာ၏

နယ်ပယ်ကိုပင် ကျော်လွန်၍ ကျေးလက်ဇနပုဒ် အထိ ခရီးဆန့်လျှက်ရှိပေသည်။ ရောက်လေရာ အရပ်တွင် လည်း ဝမ်းပမ်းတသာ ကြိုဆိုမှု များ ကို ခံနေခဲ့ရသည်။ နယ်ပယ်အသီးသီး ၏ တင်းကျပ်ဖိစီးနေမှု များ ကို ပေါ့ပေါ့ပါးပါး ဖယ်ရှားပေးနေ သော ဤအရာသည် တကယ်တော့ ခေတ်နှင့် အညီ ပေါ်ထွန်းလာ သော အာလာဒင်မီးခွက်တစ်လုံးပင်။ ကျွန်တော် စဥ်းစားကြည့် သည်၊ အကယ်၍ သာ ဘုရားသခင်သည် ကာရာအိုကေစက်တစ်လုံး ကိုသာ စောစောစီးစီး ဖန်ဆင်းနိုင်ခဲ့လျှင် ကိန်းနှင့် အေဘယ်တို့ယခုလို ရန်သူများ ဖြစ်လာကြပါ့မလား မသိ။ ကျွန်တော့်စိတ်ထဲ တွင်တော့ ကာရာအိုကေစက်တစ်လုံးရှေ့တွင် အတူတကွ ဟစ် ရွှေအေးကနေကြသော ညီအစ်ကိုနှစ် ဦးအ ဖြစ်သာ မြင်ယောင်နေမိ ပါသည်။

ဖေဖော်ဝါရီ၊ ၂၀၀၄၊ စတိုင်သစ်မဂ္ဂဇင်း

# သားရေကွင်း

သားရေကွင်း တစ်ကွင်းအကြောင်းကို အက်ဆေးရေး ဖို့ စဉ်းစားနေရင်းနှင့် ပင် စိတ်က ကျုံ့လိုက်ဆန့်လိုက် ဖြစ်နေမိသည်။ (ဤနေရာတွင် "ချိတုံ၊ ချတုံ" ဆိုသော ဖန်တရာတေနေသည့် စကားအသုံးထက် "ကျုံ့လိုက် ဆန့်လိုက်" ဆိုသည့် အသုံးက ပို၍ မြင်လွယ်ပြုလွယ်ရှိနေမလားဟု ယူဆမိပြီး သုံးလိုက်ပါသည်) အဘယ်ကြောင့် ဆိုသော် လူတို့သည် ရင်းနှီးကျွမ်းဝင်နေသော အရာ များ ထက် ထူးဆန်းပြီး ကိုယ်နှင့် မဆိုင်သော ကိစ္စရပ်များ ကို ပို၍ စိတ်ဝင်စားတတ်သည်ဟု ထင်မိသော ကြောင့် ပင်။

ဆိုကြပါစို့၊ အင်္ဂါဂြိုဟ်တွင် သက်ရှိများ ရှိနိုင်မရှိနိုင်ကိစ္စ ကို ကိုယ့်အရပ်တွင် ဖြစ်ပွားနေသော သစ်တောပြုန်းတီးမှု ထက် ပိုစိတ်ဝင်စားကြပါသည်။ နေ့စဉ် ဘုရားရှိခိုးဖို့သာ စိတ်မပါရှိမည် ။ ဘယ်ဆရာတော် ကြီး ကတော့ ရဟန္တာ ဖြစ်ပြီ မ ဖြစ်သေးဘူး စသဖြင့် မလျှော့တမ်း ငြင်းခုံကြသည်။ လူအချင်းချင်း ဝေတ်မွတ်ခေါင်းပါးနေ သူများ ကို လှည့်ကြည့်ဖို့ သတိမရ၊ ပန်ဒါချစ်သူများ အသင်းတွင် ရန်ပုံငွေ အလုအယက်ထည့်ဝင်ကြသည်။ ပြောလျှင် ဆုံးမည် မထင်။ ဆိုလိုသည်မှာ မြင်နေကျအရာများ ကို စိတ်မဝင်စားတတ်သော လူ့ သဘာဝ အရ သားရေကွင်းအကြောင်းကို အမှတ်တရ အချိန်ကုန်ခံ ဖတ်ရှုကြပါ့မလား စဉ်းစားနေမိခြင်းပင်။

နောက်တစ်ချက်က သားရေကွင်းအကြောင်းကို ရေး မည် ဆို တော့ သားရေကွင်းအကြောင်း ကျွန်တော် ဘယ်လောက် သိသလဲ။ ကိုယ့်ဘာသာကိုယ် မေးမိသည်။

သားရေကွင်းကို မည် သူထွင်ခဲ့ပါသနည်း။

ဘယ်အချိန်က ထွင်ခဲ့ပါသနည်း။

ရိုးရိုးသားသားပြောရလျှင် ကျွန်တော် တော့ မသိပါ။ ဘယ်သူမှလည်း အရေး တယူ ပြောဆိုကြတာ မကြားမိပါ။ဘယ် စွယ်စုံကျမ်းတွင် မှ တကူးတက ဖော်ပြထားတာမရှိပါ။

သို့သော် ကျွန်တော် တို့ နေ့စဉ်ဘဝတွင် ၎င်းကို မရှိမ ဖြစ် သုံးနေရပါသည်။ အံ့ဩစရာပင်။

တကယ်တော့ သားရေကွင်းသည် ကျွန်တော် တို့၏ မေ့လျော့ခြင်းကို ခံနေရသော မိတ်ဆွေကောင်းကြီး ဖြစ်သည်။ ထို့ကြောင့် မိတ်ဆွေတို့ ဝတ္တရားရှိသည့်အတိုင်း ၎င်းကို ပွဲထုတ် အမွှမ်းတင်ဖို့ လိုအပ်လာပါသည်။

မှန်ပါသည်။ သားရေကွင်းအကြောင်းသည် ယဉ်ကျေးမှု ရေး ရာ၊ ပါဝါချိန်ခွင်လျှာကိစ္စတို့လို ဧရာမကိစ္စကြီးများ မဟုတ်ပါ။ West Lifeတို့ ဘာရစ်နေစပီးယားတို့လို ချာတိတ်တွေ အကြိုက် ပေါ်ပြူလာကိစ္စလည်း မဟုတ်ပါ။ ဆန်ဈေး၊ ဆီဈေး အတက်အကျလို နေ့စဉ်ဘဝကို ရိုက်ခတ်နိုင်မှု မရှိပါ။ ယခု ပေါ်နေသော အိုင်တီတို့ Telecommunication တို့လို အဆင့်မြင့် နည်းပညာများ ကို အသုံးပြုထားသော ပစ္စည်းလည်း မဟုတ်ပါ။

၄င်းသည် ရိုးရိုးရှင်းရှင်း သားရေကွင်း တစ်ကွင်းသာ ဖြစ်ပါသည်။ ၎င်းသည် ခေတ်ပေါ်ပစ္စည်းများ လို တစ်နှစ် တစ်ခါ မော်ဒယ် မပြောင်းပါ။ အရွယ် အကြီးအသေးသာ ကွာမည် ။ စထုတ်လိုက်ကတည်းက ဤပုံစံအတိုင်း မပြောင်းမလဲ ရှိနေခဲ့ ပါသည်။ ခေတ်အဆက်ဆက်ပုံစံမပျက် ဖြတ်သန်းခဲ့ပါသည်။ ကြီးကြီးကျယ်ကျယ် ပြောရလျှင် ခေတ်၏ စိန်ခေါ်မှု များ ကို အိန္ဒြေ မပျက် ဖြတ်ကျော်ခဲ့သည်ဟုဆိုရမလားမသိ။ စိတ်ဝင်စားဖွယ်ပင်။ အာဂသားရေကွင်းဟု ဆိုရမလား မသိ။

ပြန်ပြောင်းစဉ်းစားကြည့်လျှင် ၎င်းသည် ကျွန်တော် တို့ ကလေးဘဝအရွယ်ကတည်းက အတော့် ကို အရေး ပါသော အခန်း မှ ပါဝင်နေခဲ့တာ တွေ့ရပေမည် ။ ကျွန်တော် တို့သည် ယင်းကို သုံး၍ လက်ပေါ်တွင် တစ်ထပ်အိမ်တွေ ၊ နှစ် ထပ်အိမ်တွေ ဆောက် ခဲ့ကြသည်။ ငါးထောင့်ကြယ်၊ ခြောက်ထောင့်ကြယ်တွေ ဖန်ဆင်းခဲ့ ကြသည်။ ဆေးလိပ်ဖင်စီခံများ ၊ သစ်သားရုပ်ကလေးများ ကို ထောင်၍ ပစ်ခဲ့ကြသည်။ ၎င်းတို့ကို ချိတ်ဆက်ပြီး ကြိုး လုပ်ကာ ခုန်ခဲ့ကြသည်။ လက်တွင် သားရေကွင်း တစ်ထပ်ကြီးစွပ်ပြီး ကိုယ့်ပိုင်ဆိုင်မှု အပေါ် သာယာမိခဲ့ကြသည်။ တစ်ယောက် နှင့် တစ်ယောက် ပြဿ နာဖြေရှင်းရေး တွင် အများ အသိအမှတ်ပြုထား သော

တန်ဖိုးတစ်ခုအနေနှင့် သုံးခဲ့ကြသည်။

သို့ သော် အရွယ်ရောက်လာသော အခါ ကျွန်တော် တို့ ၎င်း ကို မေ့သွားကြသည်။ မေ့ထားခဲ့ကြသည်။ အသုံးလိုသော အခါမှ ဟိုဟိုသည်သည် ပြူး ပြဲရှာဖွေကြပြီး ကိစ္စပြီးသော အခါ မေ့သွား ကြပြန်သည်။

မှတ်မှတ်ရရ အထက်တန်းကျောင်းသားဘဝ ရူပဗေဒ သင်ရိုးများ ထဲတွင် (Elasticity) ကျုံ့ဆန့်နိုင်မှု ဂုဏ်သတ္တိကတခမ်းတနား သင်လာရသော အခါမှ ကျွန်တော် သည် မေ့လျော့ ထားခဲ့မိသော မိတ်ဆွေဟောင်းကြီးကို သတိရသွားခဲ့ပါသည်။ ဤ ကျု ့ဆန့်နိုင်မှု ဂုဏ်သတ္တိသည် ကျွန်တော် တို့ မိတ်ဆွေကြီး၏ တစ်ခုတည်းသော အရည်အချင်းပင် မဟုတ်ပါလား။ ဤတစ်ခုတည်း သော အရည်အချင်းသည်ပင် ၎င်းကို သားရေကွင်း ဖြစ်စေခဲ့သည်။ အများ နှင့်မတူ ထူးခြားစေခဲ့သည်။ ပတ်ဝန်းကျင်ရှိ မကျုံ့နိုင် မဆန့် နိုင်သော ပစ္စည်းများ ကို အတူတကွ စုစည်းပေးနိုင်ခဲ့သည်။တွေ းကြည့်လျှင် ကျု ့ဆန့်နိုင်မှု သည် ရှားပါးသော အရည် အချင်းတစ်ခုပင်။ ကျွန်တော် သည် တစ်အိမ်လုံးတွင် ကျု ့ဆန့် နိုင်သော ပစ္စည်းဆို၍ သားရေကွင်းနှင့် စပရိန်နှစ် မျိုးသာ တွေ ့ခဲ့ သည်။ လူတစ်ကိုယ်လုံးတွင် လည်း သားအိမ်နှင့် ဆီးအိတ်တွင် သာ ရှားရှားပါးပါး ယင်းအရည်အချင်းရှိတာ တွေ ့ခဲ့ရသည်။ (ကျွန်တော် မျက်စိလျှမ်းတာလည်း ဖြစ်နိုင်ပါသည်။) သို့ သော် ကမ္ဘာကြီးသည် မာကျောသော အရာဝတ္ထုများ ဖြင့် ဖွဲ့စည်းထားခဲ့သည် ကတော့ သေချာပါသည်။ ကျွန်တော် တို့သည် မာကျောလှသော အဆောက် အဦးများ တွင် မာကျောကျွတ်ဆတ်သော အလုပ်အကိုင်များ ကို လုပ်ကိုင်ကာ တောင့်တောင့်တင်းတင်း အသက်ရှင်နေထိုင်ခဲ့ကြ သည်။ အဘယ်မျှစိတ်ပျက်ဖွယ်ရာကောင်းပါသနည်း။

ယနေ့ခေတ်တွင် အဆောက်အဦးများ ကို မြင့်မြင့်မားမား ဆောက်လာကြသည်။ ခိုင်ခိုင်မာမာ ဆောက်လာကြသည်။ အဖွဲ့ အစည်းတွေ ကြီးကြီးကျယ်ကျယ် တည်ထောင်ကြသည်။ ထို့နောက် လိုအပ်မည့် ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ကြသည်။ စာချုပ်တွေ ချုပ်ကြ၊ ဘွန်း (Bond) တွေ လက်မှတ်ထိုးကြနှင့် တစ်ယောက် ကို တစ်ယောက် မလှုပ်နိုင်အောင် ချုပ်နှောင်လာကြ သည်။ မမြင်ရသော စိတ်ဖိစီးမှု များ ဖြင့်

ကျွန်တော် တို့၏ ရှုအားကက်သား အစိုင်အခဲများ မာကျောတောင့်တင်းလို့လာကြသည်။ တစ်ယောက် ကို တစ်ယောက် အထိမခံ အနေအထားဖြင့် ကျွတ်ဆတ်ခဲမာလို့ လာကြသည်။ ကွန်ကရစ်တောအုပ်ကြီးထဲတွင် နေထိုင်ရှင်သန် နေကြရသော ကြောင့် လား မသိ ကွန်ကရစ်ဆန်လာကြသည်။

''အစကတည်းက ပြောထားပါရဲ့ ''၊ ''ကျေနပ်မှ လုပ်ပါ''၊ ''နောင်မှ ရှုပ်ရှုပ်ရှက်ရှက် မလုပ်နဲ့နော်''၊ ''သူ မစခင် ကြိုပစ်ထားလိုက်တယ်''၊ ''ကိုယ့်ရပိုင်ခွင့်ပဲ၊ ယူရမှာ ပေါ့'' စကားလုံးများ ၊ လေသံများ ပင်လျှင် ကွန်ကရစ်သံပါလာကြသည်။ ပြောသမျှစကားများ ထဲတွင် စည်းမျဉ်းစည်းကမ်းများ ၊ လုပ်ထုံး လုပ်နည်းများ ၊ စာချုပ်စာတမ်းများ က အဓိကနေရာယူလာခဲ့သည်။ စကားပြောလျှင် ဘောင်ဝင်အောင် ပြောပါ။ ဘောင်ဝင်အောင် လုပ်ပါ။ လူသားသည် အမှု မဲ့အမှတ်မဲ့ ကိုယ့်ကိုယ်ကို ဘောင်သွင်း လာခဲ့သည်။ ဘောင်ခတ်လာခဲ့သည်။ ပြီးတော့ ကိုယ်ဖန်တီးထား သော ဘောင်ထဲတွင် ပင် ကျပ်ကျပ်တည်းတည်း ကျုံ့ကျုံ့ယုံ့ယုံ့ နေထိုင်ရပြန်ရှာသည်။

ဤသို့ ဆိုလျှင် ကျွန်တော် တို့သည် မိမိတို့၏ ဘဝနေထိုင်မှု ပုံစံများ ကို ပြန်လည်စစ်ကျော သုံးသပ်သင့်ပြီလား၊ စဉ်းစားစရာ ပင်။ ဘာမဟုတ်သည့် သားရေကွင်းလေး တစ်ကွင်းသည်ပင် အခြေအနေကိုလိုက်၍ အလျှော့အတင်း လုပ်နိုင်သည်။ အသိဉာဏ် ရှိပါသည်ဆိုသည့် လူသားများ မှာ တော့ ကိုယ့်ဘက်ကိုယ် အပိုင် တွက်ကာ ကတိများ ၊ ခံဝန်ချက်များ ဖြင့် တစ်ဖက်သားကို မရုန်း နိုင်အောင် လုပ်နေခဲ့သည်။ အလျှော့ပေးဖို့ လိုက်လျောလိုက်ဖို့ ဘယ်တော့မှ စိတ်မကူး၊ ရနိုင်သလောက် ဘယ်လိုတင်းရမလဲသာ ဦးတည်စဉ်းစားခဲ့ကြသည်။ အပြန်အလှန်အားဖြင့် ကိုယ်ကိုယ်တိုင် လည်း စိတ်ဖိစီးတင်းကျပ်မှု ကို ခံရပြန်သည်။ အလျှော့မပေးစတမ်း ဆွဲနေကြသော လွန်ဆွဲပွဲများ ကို မြင်ယောင်ကြည့်နိုင်ပါသည်။ နီရဲ နေသော မျက်နှာများ ၊ ဖောင်းရှုအားကတင်းကားနေသော ရှုအားကက်သား များ ၊ ပေါက်ကွဲသွားမလား ထင်မှတ်ရသော တွန့်လိမ်ကောက်ကွေး အကြောမျှင်များ ။

တကယ်တော့ ဘဝသည် ဤမျှ ခက်ခဲကြမ်းတမ်းနေဖို့ မသင့်ဟု ကျွန်တော်

ယူဆပါသည်။ ကျွန်တော် တို့သည် သားရေ ကွင်းတစ်ကွင်းလိုသာ အလျှော့အတင်း လုပ်နိုင်ခဲ့လျှင် ဘဝကို ယခုထက် ပိုမိုလွယ်ကူစွာ နေထိုင်သွားနိုင်ပေမည် ။ နိုင်ငံရေး အစွန်းရောက်များ ၊ လူမျိုးရေး ခွဲခြားသန့်စင်မှု များ ၊ အသေခံ အကြမ်းဖက်သမားများ ပေါ်လာစရာ အကြောင်းမရှိ၊ ဘာသာစွဲ၊ ဝါဒစွဲ ပုဂ္ဂိုလ်များ လည်း လျော့နည်းသွားပေမည် ။ တကယ်တော့ တစ်ခုခုကို စွဲနေသည်မှာ တောင့်တင်းလွန်းလှပါသည်။ ကိုယ်တိုင် လည်း မသက်သာ၊ ပတ်ဝန်းကျင်လည်း မသက်သာပါ။

တစ်ခါက ကျွန်တော့် ကို စားပွဲတင်တင်းနစ်သင်ပေးသော ဆရာက မေးဖူးပါသည်။ တောင့်တင်းမာကျောမှု နှင့် ၊ ပျော့ပျောင်း ကွေးညွတ်မှု တွင် ဘယ်အရာက အားကြီးပါသနည်း' တဲ့။ ထိုစဉ် က ကျွန်တော် မဖြေနိုင်ခဲ့ပါ။ ဆရာက ကိုယ်နေဟန်ထား နှစ် မျိုး ကို ယှဉ်ပြကာ ပျောင်းညွတ်နိုင်မှု(နထငဘငူငအပ) ၏ သတ္တိကို လက်တွေ့ပြသခဲ့ပါသည်။

ပျောင်းညွတ်နိုင်မှု (Flexibility)၊ လိုရာပုံသွင်းနိုင်မှု (Plasticity) တို့သည် အလျှော့အတင်းလုပ်နိုင်မှု Elasticity) ၏ ဖွားဘက်တော် များ ပင်။ ရှုပ်ထွေးလှသော ခေတ်၊ အပြောင်းအလဲ များ သော ခေတ်ကြီးထဲတွင် ဤအရည်အချင်းများ သည် မရှိမ ဖြစ် အရေး ပါလာခဲ့ပါသည်။ အရေး ပါသော ပေါ်လစီချမှတ်သူများ ၊ စီမံခန့်ခွဲသူများ လည်း ယခု ဤအကြောင်းကို အရေး တယူ ဆွေးနွေး နေခဲ့ရပါပြီ။

အလျှော့အတင်းလုပ် စေ့စပ်ဆွေးနွေးခြင်း (Compromise) သည် နိုင်ငံရေး ၏ အသက်ပင် ဖြစ်သည်။ ဈေးကွက် စီးပွားရေး နယ်ပယ်တွင် အခြေအနေနှင့် လိုက်လျောညီထွေရှိစေခြင်း (adjust) ဆိုသော စကားသည် အခရာပင် ဖြစ်သည်။ ဘာကိုမှ တရားသေမမှတ်ယူခြင်းသည် ပညာရေး ၏ အခြေခံမှုပင် ဖြစ်သည်။ စစ်ပွဲများ တွင် အောင်နိုင်သူသည် လျင်မြန်စွာ အတိုးအဆုတ် လုပ် နိုင်သူ ဖြစ်သည်။

သားရေကွင်းသည် ဤအချက်များ အားလုံးအတွက် စံနမူနာ ဖြစ်နေခဲ့သည်။ သားရေကွင်းသည် အရာရာကို ညှိယူနိုင် သူ ဖြစ်သည်။ အရာဝတ္ထု၏ အရွယ်ကြီးလျှင် ကြီးသလို သူပါ လိုက်ကျယ်ပေးသည်။ လုံးဝ အတိုက်အခံမလုပ်။ သူ့ကို နှစ် ပတ် သုံးပတ် ကြို က်သလောက် လိမ်လျှင်လည်း သူက စိတ်ဆိုးလိမ့်မည် မဟုတ်။ သို့သော် သူ့ကို

လိမ်ပတ်ထားသော အပတ်ရေအတိုင်း အတိအကျပြန်ဖြည်ပေလိမ့်မည် ။

ကျွန်တော် တို့ တစ်ဦးချင်း၏ ဘဝတွင် လည်း သားရေကွင်း တစ်ကွင်းလို အလျှော့အတင်း လုပ်နိုင်ဖို့လိုသည်။ ဖြစ်ချင်တိုင်း မ ဖြစ်သော ဘဝတွင် ဖြစ်နေသော အရာများ နှင့် အဆင်ပြေအောင် နေတတ်ဖို့ လိုသည်။ ဤအတွက် အလျှော့အတင်း အပေးအယူ လုပ်ဖို့လိုသည်။ ဤသည်ကိုပင် ညှိယူခြင်း (Coping) ဟု စိတ် ပညာတွင် ခေါ်ဝေါ်သည်။ လူသည် ပြောင်းလဲနေသော အခြေအနေများ နှင့် အမြဲညှိယူနေရသည်။ တစ်ဖက်ကကြည့်လျှင် ဤသို့ ညှိယူနိုင်မှု သည်ပင် လူသား၏ စွမ်းရည် ဖြစ်သည်။ လူသား ဖြစ်ပေါ် လာဖို့ အကြောင်းတရား ဖြစ်နေခဲ့သည်။သို့ သော် တချို့လူများ ကတော့ ဤအယူအဆကို လက်ခံ ကြမည် မဟုတ်ပါ။ အထူးသဖြင့် အနုပညာရှင်များ ၊ စိတ်စွမ်းအား မြင့်မားကြသူများ ၊ နစ်ရှေး၏ (Superman)''လူ့ထက်လူ'' များ ကတော့ လောကကြီးနှင့် စေ့စပ်ဖို့ မကြိုး စား၊ ဤအစား လောကကြီးကို ပြောင်းလဲပစ်မည် ။ အနိုင်ယူပစ်မည် ။ ဤသို့ သာ ခံယူကြပေမည် ။ ဗန်ဂိုးသည် ဘဝတစ်လျှောက် သူလုပ်ချင်တာတွေ သာ လုပ်သွားခဲ့သည်။ ဘဝကို အပေးအယူလုပ်ဖို့ မကြိုး စား။ ဂေါ်ဂင်သည် အနုပညာအတွက် အပေါစားကျော်ကြားမှု ကို ငြင်းဆိုခဲ့သည်။ ရှုပ်ထွေးညစ်ပတ်သော လောကကြီးနှင့် ညှိယူဖို့ မကြိုးစား တဟီတီသို့ ထွက်သွားခဲ့သည်။ ဆိုကရေး တီးသည် အမှန်တရားအတွက် အာဏာပိုင်များ နှင့် ညှိယူဖို့ မကြိုး စား၊ အဆိပ်ခွက်ကိုသာ ရွေးသွားခဲ့သည်။

ထို့ကြောင့် ညှိယူမှု ၊ အလျှော့အတင်း လုပ်နိုင်မှု သည် လူတစ်ဦးချင်းစီ၏ ဘဝအမြင်များ ၊ တန်ဖိုးထားမှု များ နှင့် လည်း သက်ဆိုင်နေခဲ့သည်။ အထူးသဖြင့် ကျင့်ဝတ်စာရိတ္တနှင့် ယုံကြည်မှု ကိစ္စများ သည် အလျှော့အတင်းလုပ်၍ မရ။ ညှိနှိုင်းစေ့စပ်၍ မရ။ ဝယ်သူ ရောင်းသူ သဘောတူရုံနှင့် ပြီးပြတ်နိုင်သော ကိစ္စမျိုး မဟုတ်။ လူ၏ အဓိပ္ပာယ်၊ လူ့ဘဝ၏ အဓိပ္ပာယ်၊ ဘဝနေနည်းနှင့် တမလွန်အထိ အကျုံးဝင်နေသော လေးနက်သည့် အကြောင်း အရာများ ဖြစ်သည်။ ဤသည်တို့ကို လတ်တလော အခြေအနေ လေးနှင့် ကိုက်ညီအောင် ညှိနှိုင်းနေ၍ မရ။

သို့ ဖြစ်ရာ အလျှော့အတင်းလုပ်ခြင်း သဘောတရားကိုပင်

အလျှော့အတင်းလုပ်ပြီး သုံးစွဲဖို့ လိုသည်။ လူတိုင်းအတွက် ကိစ္စ ရပ်တိုင်းအတွက် ဤသဘောတရားသည် အံဝင်မည် မဟုတ်။ သို့သော် ယေဘုယျအားဖြင့် တော့ အလျှော့အတင်းလုပ်နိုင်မှု သည် ဘဝရပ်တည်ရေး အတွက် အလွန်အရေး ပါလှသည်ဟု ပြောနိုင် ပါသည်။

တကယ်တော့ ဤမျှလေကြောရှည်၍ ပြောဆိုနေသည် ပင် လွန်လွန်းလှပါပြီ။ သားရေကွင်းသည်သာ နားပါလျှင် အတော် နားငြီးပေလိမ့်မည် ။ သူ၏ ဂုဏ်သတ္တိနှင့် ပတ်သက်ပြီး ဤသို့ တခမ်းတနား ဖွဲ့နွဲ့နေမှု ကိုလည်း သဘောကျလိမ့်မည် မထင်ပါ။ သူသည် စကားတစ်ခွန်းမှမပြောပဲ အရာအားလုံးနှင့် အဆင်ပြေ အောင် နေထိုင်သွားခဲ့ပါသည်။ ဘာတစ်ခုမှ ပြလိုပြစားမလုပ်ပဲ ဘဝကို ရိုးရိုးအေးအေး နေထိုင်သွားခဲ့ပါသည်။ ဤအတွက် သူ့ အကြောင်း ချီးမွမ်းခန်းဖွင့်မနေတော့ပဲ ငြိမ်ငြိမ်သက်သက်နေလိုက် ခြင်းကပင် သူ့ကို ဂုဏ်ပြုရာရောက်နေမလား ကျွန်တော် စဉ်းစား လို့နေမိပါတော့သည်။

ဇွန်၊ ၂၀၀၄၊ စတိုင်သစ်မဂ္ဂဇင်း

## နံနက်ခင်းတစ်ခုနှင့် လိုက်ပါခြင်း

တစ်ညလုံး ပိတ်ထားခဲ့သော မျက်လုံးနှစ် လုံးကို စတင် ဖွင့်လှစ်ရန်သတိပြု မိချိန်တွင် ကျွန်တော် ၏ အခန်းထဲ၌ တစ်စုံတစ်ရာ ရောက်ရှိနေခဲ့သည်ကို ချက်ချင်း လိုလို ရိပ်စားမိခဲ့ပါသည်။ ဤအသိ မှာ အာရုံသိလား၊ ဆင်ခြင်သိလား၊ ကျွန်တော် နားမလည်ခဲ့ သော် လည်း ယင်းတစ်စုံတစ်ရာမှာ ပြတင်းပေါက်မှ ဝါးလုံးထိုး ကျဆင်းလာသော နေရောင် ၊ လေညှင်းနှင့် အစဉ်အလာ မနက်ခင်း တစ်ခု ဖြစ်မှန်း ကျွန်တော် နားလည်ခဲ့ပါသည်။ ဤမနက်ခင်းသည် ယခင့်ယခင် မနက်ခင်းများ ထက် အဘယ်မျှပိုလှသည်ကို တိုင်းတာ ရန် ကျွန်တော့် တွင် ယူနစ်အတိအကျ မရှိသော် လည်း ထိုမနက် ခင်းများ ထက် ၄, ၅ ဆ ပို၍ လတ်ဆတ်သည်ဟု ကျွန်တော့် စိတ်ထဲတွင် သေချာ၍ နေပါသည်။

ဤလိုမနက်ခင်းမျိုးတွင် အလွန်တက်ရူအားက လန်းဆတ်သော စိတ်ကူးများ ရောနှောပါလာလေ့ရှိကြောင်း ကျွန်တော့် အတွေ့အကြုံအရပြောနိုင်သော် လည်း

ယင်းစိတ်ကူးများ သည် လက်တွေ့ နှင့် မအပ်စပ်လောက်အောင်
အလွန်နူးညံ့သိမ်မွေ့ကြောင်းလည်း ကျွန်တော် သိထားခဲ့ပါသည်။ တကယ်တော့ မနက်ခင်းသည် မနက်ခင်းတစ်ခုသာ ဖြစ်ပါသည်။ စိတ်ကူးသည်လည်း စိတ်ကူး သက်သက်သာ ဖြစ်ပါသည်။ ကျွန်တော် သည်လည်း ကျွန်တော် သာ ဖြစ်ပါသည်။ မနက်ခင်း၊ စိတ်ကူးနှင့် ကျွန်တော် တို့သည် ယာယီတိုက်ဆိုင်မှု သာ ဖြစ်ပြီး အချိန်တန်လျှင် ခွဲကြရမည် ကို အလိုလို သိနေခဲ့ပါသည်။ တုံ့နှေးမှု အနည်းအကျဉ်းရှိသော်ငြား ကျွန်တော် သည် ယင်းတို့နှစ်ဦးကို ယာယီထားရစ်နိုင်ခဲ့ပါသည်။

♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦

မနက်ခင်းကို တွေ့ဆုံဖို့ရာ ကိုယ်လက်သန့်စင်ဖို့ လိုအပ် မှန်း လူတွေ သဘောပေါက်ဖို့ လွန်စွာ အရေး ကြီးလှပါသည်။ ဤ အချက်မှာ အီရတ်ရှိ ဓာတုလက်နက်များ ထက် ပို၍ အရေး ကြီး ပါသည်။ ဒိုင်ယာနာ၏ ရှာပနထက်လည်း အရေး ကြီးပါသည်။ အာရှ ငွေကြေးအကြပ်အတည်းထက်လည်း ပို၍ အရေး ကြီးပါ သည်။ ဤအချက်ကို သဘောမပေါက်ကြသော ကြောင့် မနက် ခင်းသည် အခိုးထနေသော မျက်လုံးများ အောက်တွင် မကြည် မလင် ဖြစ်နေခဲ့ပါသည်။ ညစ်ပတ်ပေရေနေသော လက်များ ထဲတွင် မစင်မကြယ် ဖြစ်နေခဲ့ပါသည်။ ပုပ်စပ်နံဟောင်နေသော အနံ့များ ကြားတွင် ရွံ့ရှာဖွယ်အထိ ဖြစ်နေခဲ့ပါသည်။

ကိုယ်လက်သန့်စင်ပြီးသည်နှင့် ကျွန်တော် သည် စိတ်ကူး များ ကို နံဘေးမှာ အသာချပြီး နံနက်ခင်းကို လက်ဆွဲနှုတ်ဆက်ရန် ဝရန်တာသို့ ထွက်လာခဲ့ပါသည်။ နေရောင် ၏ ဒီဂရီအပြောင်း အလဲတွင် မနက်ခင်းသည် အတောင်ပံဖြန့်ကားနေသည့် ဒေါင်းမ တစ်ကောင်လို တည်ငြိမ်မှု ၊ ထည်ဝါမှု တို့ဖြင့် အိန္ဒြေရရကမြူး လျက်။

မနက်ခင်းကို အားပါးတရ ရှိုက်အသွင်း၊ လန်းဆတ်မှု တို့ တစ်ကိုယ်လုံး စီးဝင်လာခဲ့သည်။ ကျွန်တော် ၏ ခြေလှမ်းများ သည် မနက်ခင်းထဲ ဝင်ရောက်ရန် အသင့် ဖြစ်နေခဲ့ပါပြီ။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

နံနက်ခင်းသည်သစ်လွင်မှု ၏ နိမိတ်ပုံတစ်ခု ဖြစ်သည်ဟု သူငယ်ချင်း ဖြစ်သူ ကဗျာဆရာက ပြောခဲ့ဖူးပါသည်။ နံနက်ခင်း သည် ပီကာဆိုကို မွေးဖွားခဲ့သည်။ နံနက်ခင်းသည် ဂျိမ်းဂျွိုက်စ် ကို မွေးဖွားခဲ့သည်။ နံနက်ခင်းသည် ဗေဂင်စတိုင်းကို မွေးဖွား ခဲ့သည်။ ဤသို့ ဖြင့် နံနက်ခင်းသည် သစ်လွင်မှု တို့ကို အမြဲမွေးဖွား ခဲ့သလို မွေးဖွားမှု တို့ကို အမြဲသစ်လွင်စေခဲ့ပါသည်။

ကျွန်တော် သည် အတွေးများ ၊ စိတ်ကူးများ နှင့် တွဲ ၍ မနက်ခင်းထဲတွင် လျှောက်လှမ်းနေခဲ့သည်။ တစ်လမ်းလုံးတွင် လူများ စွာ သည် တက်သုတ်ရိုက်၍ သွားလာလှုပ်ရှားနေကြသည်။ ကျွန်တော် သည် မနက်ခင်းကို နှုတ်ဆက်သလိုမျိုး ထိုလမ်းသွား လမ်းလာများ ကို နှုတ်ဆက်ရန် ကြိုး စားမိပါသည်။ သို့ သော် ထိုသူတို့၏ မျက်လုံးများ ထဲတွင် ကျွန်တော် ၏ အပြုံး ကို မမြင်နိုင် လောက်အောင် မည် သည့်အရာများ ပိတ်ဖုံးနေခဲ့သည် မသိပါ။ ကျွန်တော့် ကို အေးစက်စက်ကြည့်နေခဲ့ကြပါသည်။ ကျွန်တော် တို့ အားလုံးသည် တစ်လမ်းတည်း သွားနေကြသော သူများ ဖြစ် သည်ကို ယင်းတို့တစ်တွေ သိမှ သိပါလေစ၊ ကျွန်တော် သည် အံ့သြစွာ ဖြင့် ယင်းတို့၏ မျက်လုံးများ ထဲကို ကြည့်လိုက်မိသည်။ သို့ သော် ကျွန်တော် မအံ့သြတော့ပါ၊ ယင်းတို့၏ မျက်လုံးများ တွင် ပေါင်းနှုတ်မြှောက်စားများ သာ ရှိနေခဲ့ပါသည်။ ယင်းတို့ထံ တွင် မနက်ခင်း ပျောက်ဆုံးနေခဲ့သည်။ လူသားစစ်စစ်များ ပျောက် ဆုံးနေခဲ့သည်။ အရာအားလုံး ပျောက်ဆုံးနေခဲ့သည်။ အဆိုးဆုံး မှာ သူတို့ကိုယ်တိုင် ပျောက်ဆုံးနေခဲ့ခြင်းပင် ဖြစ်သည်။

ကျွန်တော် ထိုင်နေကျလက်ဖက်ရည်ဆိုင်လေးဆီ ရောက် ရှိခဲ့ချိန်တွင် တော့ မနက်ခင်းသည် အတော့် ကို စည်ကားနေခဲ့ပြီ ဖြစ်သည်။ စကားသံများ ၊ ရယ်သံများ ၊ အော်သံဟစ်သံများ ဖြင့် တိုးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်မျိုး အတော့် ကိုလည်း ဆူညံနေ ခဲ့ပြီ ဖြစ်သည်။ ကျွန်တော် သည် ထိုင်နေကျ ထောင့်ခုံလေးကို ရွေးချယ်နေခိုက်မှာ ပင် သောက်နေကျလက်ဖက်ရည် ပေါ့ဆိမ့် တစ်ခွက်သည် တွေ့ နေကျ မနက်ခင်းတစ်ခုလို ကျွန်တော့် ရှေ့ ရောက်လာခဲ့ပါသည်။

လက်ဖက်ရည် တစ်ခွက်ကို မည် သည့်အရာများ နှင့် ဖွဲ့ စည်းထားသည်ကို ကျွန်တော် မသိသော် လည်း တက်ရူအားကလန်းဆန်း မှု အချိုးအစား အတော် များ လိမ့်မည် ဆိုတာကိုတော့ သိနေခဲ့ပါ သည်။ လက်ဖက်ရည်တစ်ခွက်သည် အားဆေးတစ်ခွက် မဟုတ် ပါ။ သို့ သော် ယင်းကို သောက်ပြီးတိုင်း ကျွန်တော် အားအင် ပြည့်ဖြိုး လာတတ်ပါသည်။ လက်ဖက်ရည်သည် အပေါ်စား မျက်စဥ်းတစ်စက် မဟုတ်ပါ။ သို့ သော် ယင်းသည် ကျွန်တော့် အမြင်အာရုံများ ကြည်လင်ပြတ်သားစေတတ်ပါသည်။ ထို့ကြောင့် လက်ဖက်ရည်တစ်ခွက်ကို အိမ်သုံးဆေးဝါးအ ဖြစ် သတ်မှတ်ဖို့ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးကို အကြံပြုချင်ပါသည်။ လောက ကြီးနှင့် ခတ်မတည့်၍ မအီမသာ ဖြစ်နေသူများ အမြင်အာရုံ မပြတ်သားသူများ ၊ ဤလက်ဖက်ရည်တစ်ခွက်သာ သောက်လိုက် ပါဟု ကျွန်တော် တိုက်တွန်းလိုက်ပါသည်။

ကျွန်တော် ၏ စိတ်ကူးထည်များ သည် လက်ဖက်ရည် တစ်ကျိုက်နှင့် အတူ ခန္ဓာကိုယ်ထဲ ပြန်လည်ဝင်ရောက်လာခဲ့သည်။ မနက်ခင်းတစ်ခု လက်ဖက်ရည်တစ်ခွက်နှင့် ကျွန်တော် သည် တမင်တကာ မချိန်းထားသော် လည်း ဤဆိုင်လေးထဲတွင် အမြဲ လိုလို ဆုံဆည်းမိတတ်သည်။ ရည်ရွယ်ချက် အထွေအထူးမရှိပဲ ကို ဆုံဆည်းမိတတ်သည်။ ကျွန်တော် တို့၏ ဆုံဆည်းမှု တွင် ကမကထလုပ်သူ မရှိပါ။ အလွတ်သဘော အဆိုပြုချက်များ မရှိပါ။ ငွေသံကြေးသံများ မပါရှိပါ။ ပျော်ရွှင်ခြင်းကို ကူးသန်း ရောင်းဝယ်မှု များ မပါရှိပါ။ လုံခြုံမှု ကို ခြိမ်းခြောက်တောင်းဆိုမှု များ မရှိပါ။ ဘာသာရေး ကို ကိုယ်ပိုင်ပစ္စည်းလုပ်သူများ မပါရှိပါ။

ကျွန်တော် တို့၏ ဆုံဆည်းမှု တွင် နွေးထွေးပွင့်လန်းလာ သော လူသားတစ်ဦး၊ အငွေ့တစ်ထောင်းထောင်းနှင့် မနက်ခင်း တစ်ခု၊ စိတ်ကူးကျကျဖြင့် ဖျော်စပ်ထားသော လက်ဖက်ရည် တစ်ခွက်တို့ ပါရှိပါသည်။ ကျွန်တော် တို့၏ ဆုံဆည်းမှု တွင် ချစ်သူ တစ်ယောက် မပါဝင်နိုင်ခဲ့သော် လည်း အရာရာတိုင်းသည် ပြေလည် နေခဲ့ပါသည်။ ပုံမှန်အတိုင်း ဖြစ်နေခဲ့ပါသည်။ လောက ကြီးတွင် မရှိမ ဖြစ် လိုအပ်သော အရာဟူ၍ မရှိကြောင်း ကျွန်တော် လက်ဖက်ရည်ခွက်ပေါင်းများ စွာ ရင်း၍ နားလည်ခဲ့ရပါသည်။ မနက်ခင်းပေါင်းများ စွာ သုံး၍ နိုးထခဲ့ရပါသည်။ ယခုအချိန်တွင် ချစ်သူသည် ကျွန်တော် ၏

အလိုအပ်ဆုံးအရာ မဟုတ်တော့ ကြောင်းကို ပြက္ခဒိန် တစ်ရွက်နှင့် မပြချင်တော့ပါ။ တကယ်တော့ ချစ်သူနှင့် ကျွန်တော် သည် အချိန်နှင့် နေရာတို့၏ ဂရပ်မျဉ်းပေါ်ရှိ ဆုံမှတ်တစ်ခုသာ ဖြစ်ခဲ့ပါသည်။

ကျွန်တော် သည် လွင့်ချင်ရာလွင့်နေသော အတွေးများ ကို ရုတ်ချည်းပင် ပြန်လည်စုစည်းလိုက်ပါသည်။ ထိုအချိန်တွင် လက် ဖက်ရည်ခွက်သည် အေးစက်စက်မျက်နှာထားနှင့် ကျွန်တော့် ကို ကြည့်နေခဲ့သည်။ မနက်ခင်းသည် ရီဝေဝေမျက်လုံးများ နှင့် ကျွန်တော့်ကို ကြည့်နေခဲ့သည်။ ကျွန်တော် ကိုယ်တိုင်လည်း စိတ် ကူးငေးငေးနှင့် ကိုယ့်ကိုယ်ကို စိုက်ကြည့်နေခဲ့သည်။ ကျွန်တော့် ဘဝတွင် မျက်လုံးများ စွာ ၏ အကြည့်ကို ခံခဲ့ရသည်။ အဓိပ္ပာယ် ပါသော မျက်လုံးများ ၊ ခိုင်းစေနေသော မျက်လုံးများ ၊ ခြိမ်းခြောက် နေသော မျက်လုံးများ ၊ တောင်းဆိုနေသော မျက်လုံးများ ၊ လှောင် ပြောင်နေသော မျက်လုံးများ ၊ ငုံ့ကြည့်နေသော မျက်လုံးများ ...။

သေချာသည်မှာ ယင်းမျက်လုံးများ သည် ကျွန်တော့်ကို ကြည့်နေခဲ့ကြသော လည်း မမြင်ခဲ့ကြပါ။ ကျွန်တော် ၏ ခံစားချက် များ ၊ စိတ်ကူးဆန္ဒများ ၊ စိုးရွံ့ထိတ်လန့်မှု များ ကို မမြင်ခဲ့ကြပါ။ ကျွန်တော် ၏ လူ တစ်ယောက် အ ဖြစ် တည်ရှိမှု ကို မမြင်ခဲ့ကြပါ။

ယင်းမျက်လုံးများ သည် အတောမသတ်နိုင်သော လောဘ များ ၊ ဒေါသများ ၊ မောဟများ နှင့် သာ ပြည့်လျှံနေခဲ့ပါသည်။ မိုး ထိုးနေသော မျှော်မှန်းချက် အဆောက်အအုံများ ဖြင့် ကာဆီးနေ ခဲ့ပါသည်။ ၎င်းတို့၏ မျက်လုံးများ သည် ရောမမြို့သွား လမ်းမများ လို ကျယ်ပြန့်ဖြောင့်ဖြူး သည့် အနာဂတ်လမ်းများ ကို မြင်ယောင် ပုံဖော်ကာ စမ်းတဝါးဝါး သွားနေခဲ့ကြပါသည်။ တကယ်တော့ ယင်းမျက်လုံးများ သည် ပစ္စုပ္ပန်ကန်းနေသော မျက်လုံးများ ဖြစ်ကြောင်း ကျွန်တော် တဖြည်းဖြည်း နားလည်လာခဲ့ပါသည်။

တကယ်တော့ လူ တစ်ယောက် ၏ တန်ဖိုးသည် မျက်လုံး များ ပေါ်တွင် များ စွာ တည်နေခဲ့ပါသည်။ မျက်လုံးများ ၏ အမြင်၊ မျက်လုံးများ ၏ သတ်မှတ်ချက်အောက်တွင် လူ တစ်ယောက် ၏ တန်ဖိုးသည် အဆမတန် မြင့်မားနိုင်သလို သုညအောက် ရောက် အောင်လည်း နိမ့်ဆင်းသွားနိုင်ပေသည်။ ဤအချက်မှာ လောက ၏ မှား ယွင်းမှု တစ်ခု

ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း ယင်းကို ငြင်းဆိုနိုင်သည့်ခွန်အား ကျွန်တော့် မှာ မရှိခဲ့ပါ။ ဆွေမျိုးများ ၊ သူငယ်ချင်းများ နှင့် ပတ်ဝန်းကျင်ရှိ မျက်လုံးများ သည် ကျွန်တော့် ကို နံ့ချာညံ့ဖျင်းသည့် သတ္တဝါတစ်ကောင်အ ဖြစ်သို့ မငြင်းဆိုနိုင် လောက်အောင် ပုံသွင်းခဲ့ကြသည်။ နောက်ဆုံးတွင် ကျွန်တော် သည် ချစ်သူ၏ မျက်လုံးများ ကိုသာ အားကိုးရာအ ဖြစ် မဝံ့မရဲ ကြည့်ခဲ့ မိသည်။ ဤသည်မှာ လည်း ကျွန်တော် ၏ မိုက်မဲညံ့ဖျင်းမှု တစ်ခု၊ စိတ်ကူးယဉ်မှု တစ်ခုသာ ဖြစ်ခဲ့ပါသည်။ ချစ်သူ၏ မျက်လုံးများ သည် အံ့ဩဖွယ်ကောင်းလောက်အောင် အေးစက်နေခဲ့ပါသည်။

ထိုအချိန်မှစ၍ ကျွန်တော် သည် မျက်လုံးများ ကို ရှောင် ရှားမိလာတော့သည်။ မျက်လုံးချင်း ရင်ဆိုင်တွေ့တိုင်း ကျွန်တော် သည် သိမ်ငယ်မှု ကို အထိတ်တလန့် ခံစားလာရပါသည်။ နောက်ဆုံး တွင် လောကကြီးတွင် တည်မြဲနေရန် မျက်မမြင် တစ်ယောက် ကဲ့သို့ နေထိုင်ခြင်းသာ အကောင်းဆုံး ဖြစ်ကြောင်း ကျွန်တော် နားလည်လာခဲ့ပါသည်။

ငေးမောနေသည့် မျက်လုံးများ သည် အတွေးများ ကို မနက်ခင်းဆီ ပြန်လည်သယ်ဆောင်လာခဲ့သည်။ နံနက်ခင်းသည် သစ်လွင်မှု ၏ နိမိတ်ပုံ ဖြစ်သည်ဟု ပြောခဲ့ဖူးသော သူငယ်ချင်းသည် နောက်ထပ်မသစ်လွင်နိုင်တော့ဘဲ သေဆုံးသွားခဲ့ပါသည်။ သူ မကွယ်လွန်မီလေးတွင် ကျွန်တော့် ကို မနက်ခင်းများ ကို ဂရုတစိုက် သိမ်းဆည်းဖို့ တဖွဖွ မှာ ကြားသွားခဲ့ပါသည်။ ဤသို့ ဖြင့် မျက်လုံး များ နှင့် ကွေကွင်းလာခဲ့သော ကျွန်တော် သည် မနက်ခင်းများ ကို သာ ရွေးထွေးခဲ့ရပါတော့သည်။

♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦♦

ကျွန်တော် နှင့် မနက်ခင်းသည် လက်ဖက်ရည်ခွက်လေး ကို ခွဲခွာလာခဲ့ပြီး အတူလက်တွဲ ၍ ပြန်လာခဲ့ကြသည်။ လမ်း တစ်လျှောက်တွင် တော့ များ စွာ သော မျက်လုံးများ သည် ဟိုဟို သည်သည် ဖြတ်သန်းသွားလာလျက် တစ်စုံတစ်ခုကို အပြင်း အထန် ပိုက်စိတ်တိုက်၍ ရှာဖွေနေကြပါသည်။ တစ်ခါတစ်ရံ မျက်လုံးချင်း ပြင်းပြင်းထန်ထန်တိုက်မိ၊ တစ်ခါတစ်ရံ လိမ္မာ ပါးနပ်စွာ ပုန်းကွယ်ရှောင်ရှား၊ တစ်ခါတစ်ရံ အရှောင် တလက်

လက်တောက်ပ၊ တစ်ခါတစ်ရံ သည်းသည်းထန်ထန် ငိုရှေးအားကား။

ဒီလိုနဲ့ ကျွန်တော် သည် ခံစားချက်မဲ့နေသည့် မျက်လုံး များ ကို ကွေ့ကောက်ဖြတ်သန်းလာခဲ့ပါသည်။ ကျွန်တော် ၏ အိမ်ရှေ့သို့ အရောက်တွင် တော့ မနက်ခင်းသည် ကျွန်တော့် ကို လက်ပြနှုတ်ဆက်နေလေပြီ။ ကျွန်တော် လည်း လက်နှစ်ဖက်ကို လှုပ်ခါ၍ လှိုက်လှိုက်လှဲလှဲပင် ပြန်လည်နှုတ်ဆက်နေမိပါသည်။

'Good Morning ပါပဲ မနက်ခင်းလေးရေ'